





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## Anti - Corruption Newsletter

*Vol: 5, July 2026*



"ကိုယ်တိုင်ကစ
ငြင်းပယ်ကြခြင်းဖြင့်
အဂတိလိုက်စားမှုတိုက်ဖျက်ရေး
လုပ်ငန်းများတွင် လူတိုင်း
ပူးပေါင်းပါဝင်နိုင်"

အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံထားရသည့် အီရတ်နိုင်ငံအရာရှိ၏ဇနီးသည် ရွှံ့မီးဖိုအတွင်း ဒေါ်လာသန်းပေါင်းများစွာကို မီးရှို့ဖျက်ဆီးခဲ့






စပိန်ဝန်ကြီးချုပ်၏ အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံ

တူနီးရှားနိုင်ငံတွင် မိသားစုတစ်စုက နိုင်ငံတော်အာဏာနှင့် အစိုးရယန္တရားကို လက်ဝါးကြီးအုပ် ထိန်းချုပ်ထား



**သတင်းလွှာရယူရန်**

https://www.accm.gov.mm/acc/index.php?route=product/category&path=64

ACC Myanmar

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စပိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ဇပါတေရိုအား အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တရားသူကြီးကမေးမြန်းစစ်ဆေး | ၁ | ၂ |
| ၂ | ဟွန်ဒိုင်း (Hyundai) ဝန်ထမ်း ခြောက်ဦးအား အဂတိလိုက်စားမှုစွပ်စွဲချက်ဖြင့် တရားစွဲဆိုခြင်း | ၂ | ၁၀ |
| ၃ | စပိန်ဝန်ကြီးချုပ် သက်တမ်းစနှစ်ပြည့်တွင် အဂတိလိုက်စားမှုအရှုပ်တော်ပုံများကြောင့် ရာထူး ရှင်သန်ရေး ရုန်းကန်နေရ | ၁၀ | ၁၃ |
| ၄ | တူနီးရှားနိုင်ငံတွင် မိသားစုတစ်စုက နိုင်ငံတော်အာဏာနှင့်အစိုးရယန္တရားကို လက်ဝါးကြီးအုပ် ထိန်းချုပ်ထားခြင်း | ၁၃ | ၁၄ |
| ၅ | လွှတ်တော်အမတ်၏ သားဖြစ်သူကို အလုပ်ခန့်ပေးမှုဖြင့် Bithumb စီအီးအို လာဘ်ပေးလာဘ်ယူမှုဖြင့် စစ်ဆေးခံရ | ၁၅ | ၁၇ |
| ၆ | အီရတ်ဝန်ကြီးချုပ်သစ် အဂတိနှိမ်နင်းမှုကြောင့် ဆူဒါနီ၏ ဂုဏ်သိက္ခာ အလှည့်အပြောင်းဖြစ်လာ | ၁၈ | ၂၄ |
| ၇ | အရှိန်အဟုန်ဖြင့် ကြီးထွားလာနေသော အဂတိလိုက်စားမှု ကောလာဟလ(အရှုပ်တော်ပုံ) ကြောင့် မိုင်လေ (Milei) ၏ ထိပ်တန်းလက်ထောက်နှင့်ဝန်ကြီးအဖွဲ့အကြီးအကဲ ရာထူးမှ နုတ်ထွက် | ၂၅ | ၂၉ |
| ၈ | ဖိလစ်ပိုင်နိုင်ငံတွင် ရာသီဥတု အကျပ်အတည်းကြောင့် အဂတိလိုက်စားမှုများကို ပိုမိုဆိုးဝါးစေခြင်း | ၂၉ | ၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၉ | အိုဟိုင်ယိုပြည်နယ်တွင် ဒေါ်လာ သန်း ၆၀ အကျင့်ပျက်ခြစားသည့် အမှုနှင့်ပတ်သက်၍ FirstEnergy အမှုဆောင်ဟောင်းများကို ထပ်မံစွဲချက်တင် | ၃၄ | ၃၆ |
| ၁၀ | ပနားမားစာရွက်စာတမ်းများ- ၁၀ နှစ်အကြာ၊ ကတိကဝတ်များနှင့်ကျရှုံးမှုများ | ၃၇ | ၅၀ |
| ၁၁ | စပိန်ဝန်ကြီးချုပ် ဆန်းချက်ဇ်၏ နိုင်ငံရေး အနာဂတ်ကို ခြိမ်းခြောက်နေသော အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများ | ၅၀ | ၅၁ |
| ၁၂ | တရုတ်နိုင်ငံသားတစ်ဦးသည် စင်္ကာပူနိုင်ငံရှိ Immigration & Checkpoints Authority (ICA)စစ်ဆေးရေးမှူးအား လာဘ်ထိုးရန် ကြံစည်မှုဖြင့် တရားစွဲဆိုခံရခြင်း | ၅၂ | ၅၄ |
| ၁၃ | အာမခံပေးခွင့်မရှိသည့် အဂတိမှုဖြင့် တရားစွဲခံရသော ဖိလစ်ပိုင်အမတ် တရားဝင်အဖမ်းခံမည် | ၅၄ | ၅၉ |
| ၁၄ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်မြှင့်နေသည့် အင်ဒိုနီးရှားနိုင်ငံတွင် ထိပ်တန်းအရာရှိကြီးများ ဆက်တိုက် ဖမ်းဆီးခံရ | ၆၀ | ၆၂ |
| ၁၅ | ဟန်ဂေရီကို အော်ဘာန်၏ 'မာဖီးယား' အုပ်ချုပ်မှုမှ လွတ်မြောက်စေရန် ဝန်ကြီးချုပ်သစ် ကြိုးပမ်း | ၆၂ | ၆၉ |
| ၁၆ | ကြီးမားသော မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ခြစားမှုအမှုတွင် ပါဝင် ပတ်သက်သည့် ထင်ရှား ကျော်ကြားသူ ၂၉ ဦးကို မော်ရိုကို တရားရုံးက ထောင်ဒဏ်များချမှတ် | ၆၆ | ၆၉ |
| ၁၇ | အမေရိကန် တရားရေးဝန်ကြီးဌာန (DOJ) သည် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့် စီစဉ်ဆောင်ရွက်နေသော ဒေါ်လာ | ၇၀ | ၇၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၁.၈ ဘီလီယံတန်ဖိုးရှိ Anti-Weaponization Fund အစီအစဉ်ကို ယာယီရပ်ဆိုင်းလိုက်ကြောင်း ဖော်ပြခဲ့ | | |
| ၁၈ | အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံထားရသည့် အီရတ်နိုင်ငံ အရာရှိ၏ ဇနီးသည် ရွှံ့မီးဖိုအတွင်း ဒေါ်လာ သန်းပေါင်းများစွာကို မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သတင်းထွက်ပေါ် | ၇၂ | ၇၆ |
| ၁၉ | ဖိလစ်ပိုင်နိုင်ငံတွင် အဂတိလိုက်စားမှု၏ နောက်ကွယ်မှ လူများကို ထိရောက်သည့် အပြစ်ပေး အရေးယူမှုများ ဆောင်ရွက်သွားမည်ဟု သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာ က ပြောကြား | ၇၆ | ၇၉ |

ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်
“နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့သော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်”

**သတင်းလွှာရယူရန်**

https://www.accm.gov.mm/acc/index.php?route=product/category&path=64

ကော်မရှင်၏ လုပ်ငန်းတာဝန်
“အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်ခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူ အသိပညာပေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန်”

## ၉-၆-၂၀၂၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြောကြားခဲ့သည့် အမှာစကားမှ ကောက်နုတ်ချက်



“နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လစာနှုန်းထားနှင့် ထောက်ပံ့ကြေးများကို ပေးထားကြောင်း၊ သို့ဖြစ်၍ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာများကို မလျော်မညီအသုံးချ၍ ငွေကြေးရယူခြင်း၊ ကောက်ခံခြင်းများ လုပ်ဆောင်ခြင်း မပြုကြရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို လိုလားမှုဖြင့် လုံခြုံရေးဆောင်ရွက်နေသူများ၊ နိုင်ငံ့ဝန်ထမ်းများကို ငွေကြေးပေးလာဘ်ထိုးခြင်းများဖြင့် မဖျက်ဆီးကြရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို မလျော်ညီစွာအသုံးပြုခြင်းတို့ဖြင့် အားကောင်းသော နိုင်ငံတော်အစိုးရတစ်ရပ်၏ပုံရိပ်ကို ထိခိုက်ကျဆင်းစေပြီးနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းမှုရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကွပ်ကဲကြပ်မတ်သွား ကြရန်လိုကြောင်း”

“အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကျင့်ဝတ် ပါ

အခြေခံမူ (၆) ချက်

ဖြောင့်မတ်တည်ကြည်မှု

လွတ်လပ်စွာရပ်တည်နိုင်မှု

တာဝန်ယူမှု

ပွင့်လင်းမြင်သာမှု

မျှတမှု

အားလုံးပါဝင်နိုင်မှု

## စပိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ဇာပါတေရိုအား အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တရားသူကြီးကမေးမြန်းစစ်ဆေး

စပိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း JOSE’ LUIS RODR’IGUEZ ZAPATERO သည် အစိုးရ၏ လေကြောင်းကယ်ဆယ်ရေး အစီအစဉ်နှင့် ဆက်နွယ်သည့် အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးမှုတွင် တရားသူကြီးရှေ့တွင် ထွက်ဆိုခဲ့သည်။ စုံစမ်းစစ်ဆေးမှု၏ အဓိကအချက်မှာ ၂၀၂၀ ခုနှစ်တွင် COVID-19 ကာလအတွင်း လေကြောင်းလိုင်း Plus Ultra အား ယူရိုသန်း ကယ်ဆယ်ရေးရန်ပုံငွေပေးအပ်ခဲ့သည့် ကိစ္စဖြစ်သည်။ ဇာပါတေရိုအား ဩဇာလွှမ်းမိုးမှုအသုံးချခြင်း ( influence peddling) ၊



ငွေကြေးခဝါချမှု ( money laundering) နှင့် အခြားဘဏ္ဍာရေးဆိုင်ရာ ပြစ်မှုများဖြင့် စုံစမ်းနေကြောင်း သိရသည်။ ၎င်း၏ရုံးခန်းကို ရဲတပ်ဖွဲ့က ရှာဖွေစဉ် ယူရို ၁.၃ သန်းခန့်တန်ဖိုးရှိ လက်ဝတ်ရတနာများတွေ့ရှိခဲ့ရာ ယင်းပစ္စည်းများ၏ မူလအရင်းအမြစ်နှင့် အခွန်ပေးဆောင်ထားမှုများကိုလည်း စစ်ဆေးနေသည်။ ယင်းကမူ မည်သည့်အမှားအယွင်းမျှ မကျူးလွန်ကြောင်း ငြင်းဆိုထားပြီး လက်ဝတ်လက်စားများမှာ မိသားစု အမွေဆက်ခံပစ္စည်းများဖြစ်ကြောင်း ပြောကြားထားသည်။ ယင်းအမှုသည် လက်ရှိ စပိန်ဝန်ကြီးချုပ် Pedro S’anchez ဦးဆောင်သော ဆိုရှယ်လစ်ပါတီအတွက် နိုင်ငံရေးအရ အထိခိုက်မခံသည့် ကိစ္စတစ်ခု ဖြစ်လာနေပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက် ပြုလုပ်နေဆဲ ဖြစ်သည်။

Source- https://abcnews.com/international/wireStory/spains-former-pm-zapatero-faces-questioning-judge-corrutpion-133952418

ဘာသာပြန်သူ
ဒေါ်ဇာဇာမိုး
ညွှန်ကြားရေးမှူး

***********............**********

## ဟွန်ဒိုင်း (Hyundai) ဝန်ထမ်း ခြောက်ဦးအား အဂတိလိုက်စားမှု စွပ်စွဲချက်ဖြင့် တရားစွဲဆိုခြင်း

၁။ ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် လူခြောက်ဦးအား တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ၎င်းတို့မှာ -

(က) **ရှာဟင်း (Shaheen)** (အသက် ၃၂ နှစ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား)၊ ပြစ်မှုကျူးလွန်ချိန်က Hyundai Engineering & Construction Co Ltd ("Hyundai") တွင် ဘေးအန္တရာယ် ကင်းရှင်းရေး ညှိနှိုင်းရေးမှူး (Safety Coordinator) အဖြစ် တာဝန်ထမ်းဆောင်နေသူ၊

(ခ) **ဆီယိုဟန်းဝီ (Siow Hung Wee)** (萧翰玮 - အသက် ၅၃ နှစ်၊ စင်ကာပူ နိုင်ငံသား)၊ ပြစ်မှုကျူးလွန်ချိန်က Hyundai တွင် ဘေးအန္တရာယ် ကင်းရှင်းရေး မန်နေဂျာ (Safety Manager) အဖြစ် တာဝန်ထမ်းဆောင်နေသူ၊

(ဂ) **ဘစ်ဝါစ် ဥဇယ် (Biswas Uzzal)** (အသက် ၄၂ နှစ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား)၊ ပြစ်မှုကျူးလွန်ချိန်က Hyundai တွင်

ဘေးအန္တရာယ် ကင်းရှင်းရေး ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ၊

(ဃ) **ဟူစိန် မီသူး မိုဟာမက် အာရစ် (Hossain Mithu Mohammad Arif)** (အသက် ၃၃ နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ )၊ ပြစ်မှုကျူးလွန်ချိန်က Hyundai တွင် ဘေးအန္တရာယ် ကင်းရှင်းရေး ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ၊

( င ) **ဘစ်ဝါစ် ပရာဒစ် ချန်ဒရာ (Biswas Pradip Chandra)** (အသက် ၂၉ နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား)၊ ပြစ်မှုကျူးလွန်ချိန်က Hyundai တွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ရေးမှူး (Safety Supervisor) အဖြစ် တာဝန်ထမ်းဆောင်နေသူ၊

( စ ) **အူဒင် အမ်ဒီ မက်စ်ဘာ (Uddin Md Mesbah)** (အသက် ၃၄ နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား)၊ ပြစ်မှုကျူးလွန်ချိန်က Hyundai တွင် ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူတို့ ဖြစ်ကြသည်။

**ရှာဟင်း (Shaheen) နှင့် ပတ်သက်သည့် အဂတိလိုက်စားမှု စွပ်စွဲချက်များ**

၂။ ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အကြိမ်ကြိမ်အခါခါ၊ စင်ကာပူနိုင်ငံ၊ 2A Labrador Villa Road ရှိ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော ကန်ထရိုက်ခွဲ (Subcontractors) အမျိုးမျိုးမှ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးများထံမှ ရှာဟင်းသည် စုစုပေါင်း စင်ကာပူဒေါ်လာ ၆,၂၀၀ ခန့်ရှိသော လာဘ်ငွေများကို လက်ခံခဲ့ခြင်း သို့မဟုတ် တောင်းခံရန် ကြံစည်ခဲ့ခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါ လာဘ်ငွေများသည် တစ်ဖက်ပါ အချက်များကို မက်လုံးပေးလုပ်ဆောင်စေရန်အတွက် ဖြစ်သည် -

(က) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင်လုပ်ရပ်များကို ၎င်း၏ အထက် လူကြီး (သို့မဟုတ် ကုမ္ပဏီ) ထံ အစီရင်ခံ တင်ပြခြင်းမပြုရန်၊

( ခ ) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင် လုပ်ရပ်များအတွက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေး (Safety Administrative Charges) များ မထုတ် ပြန်ရန်၊

( ဂ ) လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်မကင်းသော လုပ်ရပ်ကို ကျူးလွန်ခဲ့၍ လုပ်ငန်းခွင်အတွင်း ဝင်ရောက်ခွင့် ပိတ်ပင် ခံထားရသော အလုပ်သမား တစ်ဦးအား အလုပ်ပြန်လုပ်ရန် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုရန်၊

(ဃ) အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်၌ ဘေးအန္တရာယ် မကင်းသော လုပ်ရပ်ကို ကျူးလွန်ခဲ့သော်လည်း ၎င်းအား လုပ်ငန်းခွင်အတွင်း ဝင်ရောက်ခွင့် မပိတ်ပင်ရန်၊

( င ) မော်တော်ယာဉ်/ စက်ယန္တရားကြီးများ မောင်းနှင်ကိုင်တွယ်ခွင့် မရှိသူများကို အဆိုပါ တင်ချပြုလုပ်သည့် စက်ယန္တရားကြီးများ (Lifting Machinery) အသုံးပြုခွင့်ပေးရန်။

၃။ ၎င်း၏ စွပ်စွဲခံထားရသော လုပ်ရပ်များအတွက် ရှာဟင်းသည် အဂတိလိုက်စားမှု ကာကွယ်ရေးအက်ဥပဒေ (PCA) ပုဒ်မ ၆ (က) အရ အပြစ်ပေးနိုင်သည့် စွဲချက် ၁၅ ခုနှင့် ရင်ဆိုင်နေရပြီး၊ ယင်းတို့အနက် စွဲချက် ၅ ခုကို ရာဇဝတ်ကျင့်ထုံးဥပဒေ (CPC) ပုဒ်မ ၁၂၄ (၈) (က) (၂) နှင့် တွဲဖတ်ကာ၊ CPC ပုဒ်မ ၁၂၄(၄) အရ ပေါင်းစည်းထားသည်။

**ဆီယို၊ ဥဇယ်၊ မီသူး၊ ပရာဒစ်နှင့် အူဒင်တို့နှင့် ပတ်သက်သည့် အဂတိလိုက်စားမှု စွပ်စွဲချက်များ**

၄။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း၊ သီးခြားစီဖြစ်ပွားသော အခြေအနေများတွင် ဥဇယ်၊ မီသူး၊ ပရာဒစ်နှင့် အူဒင်တို့သည် ကန်ထရိုက်ခွဲ အသီးသီးမှ ဘေးအန္တရာယ် ကင်းရှင်းရေး ညှိနှိုင်းရေးမှူးများထံမှ စုစုပေါင်း စင်ကာပူဒေါ်လာ ၂,၇၀၀ ခန့်ရှိသော လာဘ်ငွေများကို လက်ခံခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါ လာဘ်ငွေများသည် အောက်ပါအချက်များ အတွက် မက်လုံးပေးခြင်းဖြစ်သည် -

(က) ဘေးအန္တရာယ် မကင်းသော လုပ်ငန်းခွင် လုပ်ရပ်များကို ၎င်းတို့၏ အထက်လူကြီးထံ အစီရင်ခံတင်ပြခြင်း မပြုရန်၊

( ခ ) နောင်တွင်ဖြစ်ပွားလာနိုင်ချေရှိသော ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင် လုပ်ရပ်များကို ၎င်းတို့၏ အထက်လူကြီးထံ အစီရင်ခံ တင်ပြခြင်း မပြုရန်၊

( ဂ ) ဘေးအန္တရာယ် မကင်းသော လုပ်ငန်းခွင် လုပ်ရပ်များ အတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု ဆိုင်ရာ ဒဏ်ကြေးများ မထုတ်ပြန်ရန်၊

(ဃ) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင် လုပ်ရပ်များအတွက် ချမှတ်ထားသော စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးများကို ပယ်ဖျက် (ကင်းလွတ်) ပေးရန်၊

( င ) သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းကို မတက်ရောက်ရသေးဘဲ အလုပ်သမားများအား လုပ်ငန်းခွင်တွင် အလုပ်စတင် ခွင့်ပြုရန်၊

( စ ) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ချိုးဖောက်မှုများကျူးလွန်ခဲ့သည့် အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း ဝင်ရောက်ခွင့် မပိတ်ပင်ရန်။

၅။ ၂၀၂၃ ခုနှစ် ဇွန်လနှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေးကြိမ်တိုင်တိုင်၊ ဆိုယိုသည် ကန်ထရိုက်ခွဲအသီးသီးမှ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးများ ထံမှ စင်ကာပူဒေါ်လာ ၉၀၀ လာဘ်ငွေလက်ခံရန် ဥဇယ် နှင့်ပူးပေါင်းကြံစည်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါ လာဘ်ငွေများသည် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးများ မထုတ်ပြန်ရန်အတွက် မက်လုံးပေးခြင်းဖြစ်သည်။ ထို့အပြင် ယင်းကာလအတွင်း အခြားနှစ်ကြိမ်တွင်လည်း ဆိုယိုသည် ကန်ထရိုက်ခွဲအသီးသီးမှ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးများထံမှ စင်ကာပူ ဒေါ်လာ ၁,၀၀၀ လာဘ်ငွေလက်ခံရန် မီသူးနှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါ လာဘ်ငွေများသည် ဘေးအန္တရာယ် မကင်းသော လုပ်ရပ်ကြောင့် လုပ်ငန်းခွင်ဝင်ခွင့် ပိတ်ပင်ခံထားရသော အလုပ်သမားတစ်ဦးအား လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်ခွင့်ပြုရန် အတွက် ဖြစ်သည်။

၆။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဆိုယိုသည် ကန်ထရိုက်ခွဲတစ်ခုမှ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးထံမှ စင်ကာပူ ဒေါ်လာ ၅၀၀ လာဘ်ငွေ လက်ခံရန် ဥဇယ်၊ မီသူးတို့နှင့် ပူးပေါင်းကြံစည်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါလာဘ်ငွေမှာ ဘေးအန္တရာယ်မကင်းသော လုပ်ရပ်များအတွက် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးများကို ပယ်ဖျက်ပေးရန်အတွက် ဖြစ်သည်။

၇။ ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း သုံးကြိမ်တိုင်တိုင်၊ ဥဇယ်သည် ကန်ထရိုက်ခွဲအသီးသီးမှ ဘေးအန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းရေးမှူးများထံမှ စုစုပေါင်း စင်ကာပူဒေါ်လာ ၆၅၀ လာဘ်ငွေ လက်ခံရန် ပရာဒစ်နှင့် ပူးပေါင်းကြံစည်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါလာဘ်ငွေများသည် နောင်တွင် ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်မကင်းသည့် လုပ်ရပ်များကို တင်ပြခြင်း မပြုရန်၊ လက်ရှိ ဘေးအန္တရာယ် မကင်းသော လုပ်ရပ်များကို တင်ပြခြင်းမပြုရန်နှင့် သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းမတက်ရသေးသော အလုပ်သမားများအား အလုပ်စတင်ခွင့်ပြုရန် မက်လုံးပေးခြင်းဖြစ်သည်။

၈။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း နှစ်ကြိမ်တိုင်တိုင်၊ ဥဇယ်သည် စုစုပေါင်း စင်ကာပူဒေါ်လာ ၇၀၀ လက်ခံရန် မီသူး၊ ပရာဒစ်တို့နှင့် ပူးပေါင်းကြံစည်မှုတွင် ပါဝင် ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါလာဘ်ငွေများသည် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးများမထုတ်ရန် သို့မဟုတ် ဘေးအန္တရာယ်မကင်းသော လုပ်ရပ်များကို အထက်လူကြီးထံ အစီရင်ခံခြင်းမပြုရန် မက်လုံးပေးခြင်းဖြစ်သည်။

၉။ ၎င်းတို့၏ စွပ်စွဲခံထားရသော လုပ်ရပ်များအတွက် -

(က) **ဆီယိုဟန်းဝီ** သည် PCA ပုဒ်မ ၂၉(က) နှင့် တွဲဖတ်ထားသော ပုဒ်မ ၆(က) အရ ပြစ်မှုများအတွက် စွဲချက် ၇ ခုနှင့် ရင်ဆိုင်နေရသည်။

( ခ ) **ဘစ်ဝါစ်ဥဇယ်** သည် PCA ပုဒ်မ ၆(က) အရ ပြစ်မှုများအတွက် စွဲချက် ၁၁ ခု နှင့် ရင်ဆိုင်နေရပြီး ယင်းတို့အနက် စွဲချက် ၁၁ ခု လုံးကို ပုဒ်မ ၂၉(က) နှင့် တွဲဖတ်ထားသည်။

( ဂ ) **ဟူစိန် မီသူးမိုဟာမက် အာရစ်** သည် PCA ပုဒ်မ ၆(က) အရ ပြစ်မှုများအတွက် စွဲချက် ၉ ခုနှင့် ရင်ဆိုင်နေရပြီး

ယင်းတို့အနက် စွဲချက် ၅ ခု ကို PCA ပုဒ်မ ၂၉(က) နှင့် တွဲဖတ်ထားကာ စွဲချက် ၁ ခုကို CPC ပုဒ်မ ၁၂၄(၈)(က)(၂) နှင့် တွဲဖတ်ပြီး ပုဒ်မ ၁၂၄(၄) အရ ပေါင်းစည်းထားသည်။

(ဃ) **ဘစ်ဝါစ် ပရာဒစ် ချန်ဒရာ** သည် PCA ပုဒ်မ ၆(က) အရ ပြစ်မှုများအတွက် စွဲချက် ၈ ခုနှင့် ရင်ဆိုင်နေရပြီး ယင်းတို့အနက် စွဲချက် ၅ ခုကို PCA ပုဒ်မ ၂၉(က) နှင့် တွဲဖတ်ထားကာ စွဲချက် ၁ ခုကို CPC ပုဒ်မ ၁၂၄(၈)(က)(၂) နှင့်တွဲဖတ်ပြီး ပုဒ်မ ၁၂၄(၄) အရ ပေါင်းစည်းထားသည်။

(င) **အူဒင် အမ်ဒီ မက်စ်ဘာ** သည် PCA ပုဒ်မ ၆(က) အရ ပြစ်မှုများအတွက် စွဲချက် ၂ ခုနှင့် ရင်ဆိုင်နေရပြီး ယင်းတို့အနက် စွဲချက် ၁ ခုကို CPC ပုဒ်မ ၁၂၄(၈)(က) (၂) နှင့် တွဲဖတ်ပြီး ပုဒ်မ ၁၂၄(၄) အရ ပေါင်းစည်း ထားသည်။

၁၀။ စင်ကာပူနိုင်ငံသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ လုံးဝ သည်းခံခြင်းမရှိသည့် တင်းကျပ်သောမူဝါဒကို ကျင့်သုံးသည်။ အဂတိလိုက်စားမှု ကာကွယ်ရေး အက်ဥပဒေ (PCA) ပုဒ်မ ၆ အရ အဂတိလိုက်စားမှုပြစ်မှုဖြင့် ပြစ်ဒဏ်ထင်ရှား စီရင်ခြင်းခံရသူ မည်သူမဆို စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ အထိ ငွေဒဏ်ချမှတ်ခံရနိုင်ပြီး သို့မဟုတ် ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ (CPC) ပုဒ်မ ၁၂၄(၈)(က)(၂) နှင့် တွဲဖတ်ပြီး ပုဒ်မ ၁၂၄(၄) အရ ပေါင်းစည်း ထားသော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ် ထင်ရှားစီရင်ခြင်း ခံရသူသည် ထိုပြစ်မှုအတွက် ကျခံရမည့် အမြင့်ဆုံးပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ခြင်း ခံရနိုင်သည်။

၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးရေးဗျူရို (CPIB) သည် အမည်မဖော်လိုသော တိုင်ကြားချက်များအပါအဝင် အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် တိုင်ကြားချက်များနှင့် အစီရင်ခံစာများ အားလုံးကို စုံစမ်းစစ်ဆေးပေးလျက်ရှိပြီး အောက်ပါ လမ်းကြောင်းများမှတစ်ဆင့် ဆက်သွယ်နိုင်ပါသည် -

(က) e-Complaint (အွန်လိုင်းစနစ်) ဖြင့် တိုင်ကြားခြင်း၊

(ခ) report@cpib.gov.sg သို့ အီးမေးလ်ပေးပို့၍ တိုင်ကြားခြင်း၊

(ဂ) တာဝန်ကျအရာရှိထံ ဖုန်းနံပါတ် ၁၈၀၀-၃၇၆-၀၀၀၀ သို့ ဆက်သွယ်၍ တိုင်ကြားခြင်း၊ သို့မဟုတ်

(ဃ) CPIB ဌာနချုပ် (CPIB Headquarters @ 2 Lengkok Bahru, S159047) သို့ စာရေးသားပေးပို့၍ တိုင်ကြားခြင်း။

၁၂။ ဖြစ်နိုင်လျှင် တိုင်ကြားချက်တွင် အောက်ပါအချက်အလက်များ ပါဝင်သင့်သည်-

(က) စွပ်စွဲထားသော အဂတိလိုက်စားမှုသည် ဘယ်နေရာ၊ ဘယ်အချိန်နှင့် ဘယ်လို ဖြစ်ပွားခဲ့သလဲ။

( ခ ) မည်သူမည်ဝါများ ပါဝင်ပတ်သက်ပြီး ၎င်းတို့၏ အခန်းကဏ္ဍက ဘာလဲ။

( ဂ ) ပေးခဲ့သော လာဘ်ငွေက ဘာလဲ၊ ထိုအတွက် မည်သည့် မျက်နှာသာ ပေးမှု (အကျိုးအမြတ်) ကို ပြသခဲ့သလဲ။

၁၃။ တရားရုံးက တိုင်ကြားသူသည် ၎င်း၏အစီရင်ခံစာတွင် တမင်တကာ မဟုတ်မမှန် ထွက်ဆိုချက် ပေးထားသည်ဟု တွေ့ရှိရသည့် အခြေအနေမှလွဲ၍ တရားဥပဒေအရ တိုင်ကြားသူ၏ မည်သူမည်ဝါဖြစ်ကြောင်း

အထောက်အထားကို ကာကွယ်စောင့်ရှောက် ထားသည်။ သတင်းပေးသူများသည် တိုင်ကြားစာပေးပို့ရာတွင် အမည်မဖော်လိုဘဲ နေထိုင်ရန် ရွေးချယ်နိုင်သည်။

Source-https://www.cpib.gov.sg/six-hyundai-employees-charged-with-alleged-corruption/

ဘာသာပြန်သူ

ဒေါ်နန်းမြကြာခြည်

ဒုတိယညွှန်ကြားရေးမှူး

***********............**********

## စပိန်ဝန်ကြီးချုပ် သက်တမ်း ၈ နှစ်ပြည့်တွင် အဂတိလိုက်စားမှု အရှုပ်တော်ပုံများကြောင့် ရာထူး ရှင်သန်ရေး ရုန်းကန်နေရ

ပြီးခဲ့သည့် ဇွန်လ ၁ ရက်နေ့တွင် ပေဒရို ဆန်းချက်ဇ် စပိန်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်မှာ ၈ နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် လက်ရှိအချိန်တွင် ၎င်း၏အစိုးရ အဖွဲ့နှင့်ဆိုရှယ်လစ်ပါတီတွင် အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးမှုများဖြင့် အဘက်ဘက် တွင် အကျပ်ရိုက်နေသောကြောင့် သက်တမ်းပြည့် အောင်ပွဲခံရန်ထက် နောက်ကွယ်မှ ၎င်း၏ နိုင်ငံရေး အာဏာ တည်မြဲရေးအတွက်ကို ပို၍ အာရုံစိုက် ကြံဆနေရမည့် အခြေအနေ ဖြစ်နေသည်။ ၎င်း၏ ညီဖြစ်သူ ဂီတ ပညာရှင် ဒေးဗစ် (David) သည် အာဏာအလွဲသုံးစား ပြုလုပ်၍ ကိုယ်ကျိုးစီးပွား ရှာဖွေမှု (influence peddling) ဖြင့် တရားရင်ဆိုင်နေရပြီ ဖြစ်ပါသည်။



ထို့အပြင် ဆန်းချက်ဇ်နှင့် ရင်းနှီးသည့် မဟာမိတ်ဖြစ်သလို ဆိုရှယ်လစ် ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သည့် ဟိုဆေး လူးဝစ် ရိုဒရီဂွက်ဇ် ဇာပါတီရို (José Luis Rodríguez Zapatero) သည်လည်း ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးမှုတစ်ခုတွင် နာမည်ပါလာခဲ့ပါသည်။

တစ်ချိန်တည်းတွင် အတိုက်အခံများက "ဆိုရှယ်လစ်များ၏ ဝါးတားဂိတ် (Watergate) အရှုပ်တော်ပုံ" ဟု တင်စား ခေါ်ဝေါ်နေကြသည့် မရိုးမသားနိုင်ငံရေး ကွက်ကျော်ရိုက်မှုအပေါ် စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ရဲတပ်ဖွဲ့က မက်ဒရစ်မြို့တွင်ရှိသည့် ဆိုရှယ်လစ်ပါတီ ဌာနချုပ်ကို ဝင်ရောက် စီးနင်း ရှာဖွေခဲ့ ပါသည်။



စုံစမ်းစစ်ဆေးမှုများ ဆက်တိုက် ထွက်ပေါ်လာသောကြောင့် အတိုက်အခံ များဘက်က ဝန်ကြီးချုပ် ဆန်းချက်ဇ် ကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆို သံများ ကျယ်လောင်လာ နိုင်ခြင်း၊ ၎င်း၏ အစိုးရအဖွဲ့သည်လည်း မကြာခင် ပြိုလဲ သွားနိုင်ခြင်းဆိုသည့် ခန့်မှန်းချက်များ ထွက်ပေါ်နေပါသည်။ အစဉ်အလာအားဖြင့် ဆိုရှယ်လစ် ပါတီအပေါ် စာနာနားလည်ပေးလေ့ရှိသည့် အလယ်အလတ် လက်ဝဲယိမ်း သတင်းစာ El País က "အမှုတွေ ဒီလောက်တောင် စုပြုံလာတာဟာ ဒါတွေက သီးခြားဖြစ်ရပ်တွေ မဟုတ်သလို၊ နောက်ကွယ်က လုပ်ကြံ ဖန်တီးထားတဲ့ ပူးပေါင်း ကြံစည်မှုများကြောင့် မဟုတ်ကြောင်း ထင်ရှား နေပါတယ်။ ယခုစုံစမ်းစစ်ဆေးမှုများသည် လွန်ခဲ့သည့် ၈ နှစ် ကာလ၌ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည့် အာဏာ၏ ဗဟိုချက်မနဲ့ တိုက်ရိုက်ဆက်နွယ်နေပါတယ်" ဟု သတိပေး ရေးသားခဲ့ပါသည်။

ဆိုရှယ်လစ်ပါတီသည် ၂၀၂၃ ခုနှစ်ကတည်းက စောင့်ကြည့်စစ်ဆေးခြင်း ခံနေပါသည်။ ယခင် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဟောင်းနှင့် ပါတီ၏ ဒုတိယခေါင်းဆောင်ဖြစ်သူ ဟိုဆေးလူးဝစ် အာဘာလော့စ် (José Luis Ábalos) သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ယူရိုသန်း ၅၀ (ပေါင် ၄၃ သန်း) တန်ဖိုးရှိ နှာခေါင်းစည်း (Facemasks) များ ရောင်းချမှုတွင် တရားမဝင်ကော်မရှင်ခများ ရယူခဲ့သည့် ကွန်ရက်တစ်ခုတွင် ပါဝင်ပတ်သက်နေကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိခဲ့သဖြင့် ယခုကဲ့သို့ အခြေအနေများ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအမှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသော်လည်း ပါတီမှ ထုတ်ပယ်ခံခဲ့ရသည့် အာဘာလော့စ် (Ábalos) သည် မကြာသေးမီက တရားရင်ဆိုင်ခဲ့ရပြီး လက်ရှိတွင် တရားရုံး၏ အမိန့်ချမှတ်မည့်ရလဒ်ကို စောင့်ဆိုင်းနေဆဲ ဖြစ်ပါသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်တွင်လည်း ဆိုရှယ်လစ်ပါတီ၏ နံပါတ် (၃) ခေါင်းဆောင်ဖြစ်သူ ဆန်တိုစ်ဆာဒန် (Santos Cerdán) နှင့်အတူ အစိုးရလုပ်ငန်း ကန်ထရိုက်စာချုပ်များမှ တရားမဝင်ကော်မရှင်ခများ ရယူခဲ့သည့် ပိုမိုကြီးမားသည့် အဂတိလိုက်စားမှု အမှုတစ်ခုတွင် အာဘာလော့စ် ထပ်မံပါဝင်ပတ်သက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။

ယင်းအမှုသည် ဝန်ကြီးချုပ် ဆန်းချက်ဇ်အတွက် ကြီးမားသော ထိုးနှက်ချက် တစ်ခုဖြစ်ခဲ့ပါသည်။ အကြောင်းရင်းမှာ စုံစမ်းစစ်ဆေးမှု၏ သက်သေအထောက်အထားများ ပြည်သူများအတွင်း သတင်းမထွက်ခင် အချိန်အထိ မီဒီယာများ၏ စွပ်စွဲချက်များအပေါ် ဆာဒန်ကို ဆန်းချက်ဇ်က တက်တက်ကြွကြွ ကာကွယ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဝန်ကြီးချုပ် ဆန်းချက်ဇ်

က "ဆိုရှယ်လစ်ပါတီနဲ့ ကျွန်တော့်အနေနဲ့ သူ့အပေါ် မယုံကြည်ခဲ့သင့်ဘူး" ဟု ပြောကြားခဲ့ပါသည်။

လက်ရှိတွင် ဆာဒန်နှင့် အာဘာလေ့စ် နှစ်ဦးသည် ၎င်းတို့တွင် အပြစ်မရှိကြောင်း ငြင်းဆိုထားကြပါတယ်။

Source-https://www.bbc.com/news/articles/c1w21gn340xo

ဘာသာပြန်သူ
ဦးမျိုးသက်ပိုင်
ညွှန်ကြားရေးမှူး

***********............**********

## တူနီးရှားနိုင်ငံတွင် မိသားစုတစ်စုက နိုင်ငံတော်အာဏာနှင့် အစိုးရယန္တရားကို လက်ဝါးကြီးအုပ် ထိန်းချုပ်ထားခြင်း

တူနီးရှား သမ္မတဟောင်း ဇင်အယ်လ် အာဘီဒင်း ဘင်အလီ (Zine El Abidine Ben Ali) ၏ အဂတိလိုက်စားမှုသည် နိုင်ငံတော်အာဏာ နှင့် ဥပဒေပြုရေးစနစ်ကို လက်နက်သဖွယ် အသုံးချကာ တိုင်းပြည်စီးပွားရေး တစ်ခုလုံးကို မိသားစုဂိုဏ်းတစ်ခုတည်းက မတရားလက်ဝါးကြီး အုပ်ယူခဲ့သည့် **"ခရိုနီ အရင်းရှင် စနစ်" (Crony Capitalism)** ၏ ကမ္ဘာ့သမိုင်းဝင် အဆိုးရွားဆုံး သာဓကတစ်ခု ဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်တွင် အာဏာရလာခဲ့သော ဘင်အလီသည် ၎င်း၏ဇနီး လိုင်လာထရာ ဘယ်လ်ဆီ (Leila Trabelsi) ၏မိသားစုဝင်များနှင့် သားမက်များပါဝင်သော လျှို့ဝှက်အုပ်စုကြီးကိုဖွဲ့စည်းကာ၊ နိုင်ငံတွင်းရှိ အကျိုးအမြတ်အများဆုံး ရနိုင်သော မော်တော်ကားတင်သွင်းမှု၊ ဆက်သွယ်ရေးနှင့်လေကြောင်းလိုင်း ကဲ့သို့သော စီးပွားရေး လုပ်ငန်းကြီးများကို "အစိုးရ အထူးခွင့်ပြုချက် လိုင်စင်" ရှိမှသာ

လုပ်ကိုင်ခွင့်ရမည့် စည်းကမ်းချက်များအဖြစ် ဥပဒေကို စိတ်ကြိုက် ပြင်ဆင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ဘက်စီးပွားရေးသမားများကို လိုင်စင် ပိတ်ဆို့ခြင်း၊ အခွန်တိုးမြှင့် နှောင့်ယှက်ခြင်းများနှင့် နိုင်ငံခြားကုမ္ပဏီများ ထံမှ အဓမ္မရှယ်ယာ လုယူခြင်းများ ပြုလုပ်ကာ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက



စီးပွားရေးကဏ္ဍ တစ်ခုလုံးမှ ရရှိသော အသားတင်အမြတ်ငွေ၏ ၂၁ ရာခိုင်နှုန်း (ငါးပုံတစ်ပုံကျော်) အထိကို ကုမ္ပဏီပေါင်း ၂၂၀ ကျော်ဖြင့် လက်ဝါးကြီးအုပ် သိမ်းပိုက်ခဲ့ကြသည်။ ဤကဲ့သို့ ပြည်သူ့ဘဏ္ဍာကို ခိုးယူကာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ နီးပါးအထိ ပြည်ပသို့ လျှို့ဝှက် မှောင်ခိုလွှဲပြောင်းခဲ့မှုကြောင့် ၂၀၁၁ ခုနှစ်၊ **"စံပယ်ပန်း တော်လှန်ရေး"** ဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီး ဘင်အလီနှင့် ဇနီးဖြစ်သူတို့အား တရားရုံးက ထောင်ဒဏ် ၃၅ နှစ်စီ ချမှတ်ခဲ့သည့်အပြင် ၎င်း၏ သားမက်ဖြစ်သူ ခရိုနီသူဌေးကြီး မာဘရော့ခ် (Marouan Mabrouk) ကိုလည်း ၂၀၂၆ ခုနှစ် မတ်လတွင် ထောင်ဒဏ် အနှစ် ၂၀ ထပ်မံ ချမှတ်ခဲ့သည်အထိ နောက်ဆက်တွဲ တရားစီရင်မှုများ ဆက်လက်ဖြစ်ပွား နေဆဲဖြစ်ပါသည်။

Source- world bank

ဘာသာပြန်သူ

ဒေါ်သက်နှင်းစု

လက်ထောက်ညွှန်ကြားရေးမှူး

***********............**********

## လွှတ်တော်အမတ်၏ သားဖြစ်သူကို အလုပ်ခန့်ပေးမှုဖြင့် Bithumb စီအီးအို လာဘ်ပေးလာဘ်ယူမှုဖြင့် စစ်ဆေးခံရ

တောင်ကိုရီးယားနိုင်ငံရှိ နာမည်ကြီး ခရစ်ပတိုလဲလှယ်ရေးလုပ်ငန်း (Crypto Exchange) တစ်ခုဖြစ်သည့် Bithumb ၏ CEO လီဂျေးဝမ် (Lee Jae-won) သည် တစ်သီးပုဂ္ဂလ လွှတ်တော်အမတ် ကင်မ်ဗျောင်ကီ (Kim Byung-ki) နှင့် ပတ်သက် ဆက်နွယ်နေသူများကို အလုပ်ခန့်အပ်ခဲ့မှုတွင် လာဘ်ပေးလာဘ်ယူမှုများ ရှိခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးခြင်းကို ခံနေရသည်။

Yonhap သတင်းဌာန၏ ဖော်ပြချက်အရ ဆိုးလ်မြို့တော်ရဲတပ်ဖွဲ့၏ အများပြည်သူဆိုင်ရာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လွှတ်တော်အမတ် ကင်မ်၏ တိုက်ရိုက်တောင်းဆိုမှုကို လက်ခံပြီး ၎င်း၏ ဒုတိယမြောက် သားဖြစ်သူအား အလုပ်ခန့်အပ်ရန် CEO လီက ခွင့်ပြုပေးခဲ့သည် ဆိုသော စွပ်စွဲချက်များကို အနီးကပ် စစ်ဆေးနေကြောင်းသိရသည်။

### နိုင်ငံရေးသမားများနှင့် ပတ်သက်သော အလုပ်ခန့်အပ်မှု အရှုပ်တော်ပုံ

ဤအမှုသည် လွှတ်တော်အမတ် ကင်မ်ကို အခြားသော စွပ်စွဲချက်များဖြင့် တိုင်တန်းထားဖူးသည့် ၎င်း၏ လက်ထောက်ဟောင်းတစ်ဦး၏ ထွက်ဆိုချက်များမှ တစ်ဆင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုလက်ထောက်ဟောင်း၏ ပြောကြားချက်အရ လွှတ်တော်အမတ် ကင်မ်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ဆိုးလ်မြို့၊ မာပိုခရိုင်ရှိ စားသောက်ဆိုင်တစ်ခုတွင် CEO လီ နှင့် တွေ့ဆုံကာ အရက်သောက်ရင်း ၎င်း၏သားဖြစ်သူကို အလုပ်ခန့်ပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အလုပ်ခန့်အပ်မှုသည် ကင်မ်၏ အမျိုးသားလွှတ်တော်၊ နိုင်ငံရေးရာ ကော်မတီတွင် တာဝန်ထမ်းဆောင်စဉ်က လုပ်ဆောင်ချက်များ

နှင့် ဆက်စပ်နေနိုင်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိနေသည်။ ကင်မ်သည် Bithumb ၏ ပြိုင်ဘက် ခရစ်ပတိုလဲလှယ်ရေးလုပ်ငန်းဖြစ်သော Upbit ကို လုပ်ကိုင်သည့် Dunamu ကုမ္ပဏီ၏ ဈေးကွက်လက်ဝါးကြီးအုပ်မှုများကို လွှတ်တော်တွင်း၌ အပြင်းအထန် ဝေဖန်တိုက်ခိုက်ပေးခဲ့ပြီး ယင်းသို့ လုပ်ဆောင်ပေးသည့်အတွက် အပြန်အလှန်အားဖြင့် ၎င်း၏ သားဖြစ်သူကို Bithumb တွင် အလုပ်ခန့်အပ်ခွင့် ရရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း စုံစမ်းစစ်ဆေးသူများက ယူဆထားကြသည်။

ယခုလအစောပိုင်းတွင် ရဲတပ်ဖွဲ့သည် ဆိုးလ်မြို့၊ ဂန်းနမ်ခရိုင်ရှိ Bithumb ရုံးချုပ်နှင့် ဆက်စပ်နေရာများကို ဒုတိယအကြိမ် ဝင်ရောက်ရှာဖွေခဲ့ပြီး CEO လီကို လာဘ်ပေးလာဘ်ယူမှုဖြင့် သံသယရှိသူအဖြစ် စာရင်းသွင်းခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလကပြုလုပ်ခဲ့သော ပထမအကြိမ် စီးနင်းရှာဖွေမှုတွင် လွှတ်တော်အမတ် ကင်မ်ကိုသာ အလုပ်ခန့်အပ်မှု အခွင့်ထူးခံခြင်းဆိုင်ရာ သံသယရှိသူအဖြစ် သတ်မှတ်ခဲ့ပြီး Bithumb ကိုမူ အသိသက်သေအဖြစ်သာ သတ်မှတ်ခဲ့သော်လည်း ယခုအခါတွင်မူ CEO ပါ စုံစမ်းစစ်ဆေးခံရသည့် အခြေအနေသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

လက်ရှိတွင် ရဲတပ်ဖွဲ့သည် သိမ်းဆည်းရမိထားသော သက်သေခံ ပစ္စည်းများကို ပြန်လည်သုံးသပ်နေပြီး အလုပ်ခန့်အပ်မှု လုပ်ငန်းစဉ်များတွင် ကြားဝင် တောင်းဆိုမှုများ ရှိမရှိကို သိရှိနိုင်ရန် သက်ဆိုင်သူများကို ခေါ်ယူ စစ်ဆေးသွားမည် ဖြစ်သည်။

**ထပ်ဆင့်ရင်ဆိုင်နေရသော အခက်အခဲများ**

Bithumb သည် ယခု အလုပ်ခန့်အပ်မှု အရှုပ်တော်ပုံအပြင် အခြားသော ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အငြင်းပွားမှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ပြီးခဲ့သည့် မေလအတွင်းက တောင်ကိုရီးယား ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့ (FIU) က Bithumb ကို ခြောက်လကြာ

လုပ်ငန်းအချို့ ရပ်ဆိုင်းရန် အရေးယူပိတ်ဆို့မှုကို တရားရုံးက ယာယီဆိုင်းငံ့ပေးခဲ့သည်။

တရားရုံး၏ ယင်းဆုံးဖြတ်ချက်ကြောင့် ထိန်းကျောင်းကြပ်မတ်သူများအပေါ် Bithumb ၏ ဥပဒေကြောင်းအရ ပြန်လည်ရင်ဆိုင်မှု အပြီးမသတ်မချင်း ပြစ်ဒဏ်ကို ဆိုင်းငံ့ထားနိုင်ခဲ့ခြင်း ဖြစ်သည်။ FIU သည် Bithumb အား ဝယ်ယူသူများ၏ မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးရန် ပျက်ကွက်ခြင်းနှင့် ငွေလွှဲပြောင်းမှုများကို စောင့်ကြည့်ရန် ပျက်ကွက်ခြင်း အပါအဝင် ဘဏ္ဍာရေး စည်းမျဉ်း ချိုးဖောက်မှုပေါင်း ၆.၆၅ သန်းခန့် ရှိခဲ့သည်ဟု စွပ်စွဲထားပြီး ဝမ် ၃၆.၈ ဘီလီယံ ဒဏ်ရိုက်ကာ ကုမ္ပဏီ တာဝန်ရှိသူများကိုလည်း သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့် ဧပြီလကလည်း Bithumb သည် ပရိုမိုးရှင်းပွဲ တစ်ခုအတွင်း စနစ်ပိုင်းဆိုင်ရာ ထည့်သွင်းမှုအမှားကြောင့် သုံးစွဲသူများကို ကိုရီးယားဝမ်ငွေအစား ဘစ်ကွိုင် (Bitcoin) များ မှားယွင်း ပေးပို့မိခဲ့သည်။ အမှားအယွင်းဖြစ်ပြီးနောက် ရန်ပုံငွေအများစုကို လျင်မြန်စွာ ပြန်လည်ရယူနိုင်ခဲ့သော်လည်း အချို့သော လက်ခံရရှိသူများက ကျန်ရှိနေသည့် Bitcoin (7 BTC) ကို ပြန်လည်ပေးအပ်ရန် ငြင်းဆန်ခဲ့သောကြောင့် Bithumb အနေဖြင့် ထိုပိုင်ဆိုင်မှုများကို ယာယီသိမ်းဆည်းနိုင်ရန် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရသေးသည်။

Source- https://cryptopotato.com/bithumb-ceo-booked-in-south-korea-bribery-probe-over-lawmakers-son-hiring/

ဘာသာပြန်သူ

ဒေါ်နန်းရတနာထွန်း
ညွှန်ကြားရေးမှူး

*********** ............ **********

## အီရတ်ဝန်ကြီးချုပ်သစ် အဂတိနှိမ်နင်းမှုကြောင့် ဆူဒါနီ၏ ဂုဏ်သိက္ခာ အလှည့်အပြောင်းဖြစ်လာ

အီရတ်နိုင်ငံသည် အဆင့်မြင့်အရာရှိကြီးများ ပါဝင်ပတ်သက်နေသည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံများစွာကြောင့် လှုပ်ခတ်နေပြီး၊ ယင်းအခြေအနေက ဝန်ကြီးချုပ်ဟောင်း မိုဟာမက်ရှီယာ အယ်လ်-ဆူဒါနီ (၂၀၂၂-၂၆) အပေါ် ဖိအားများ ပိုမိုမြင့်တက်စေခဲ့သည်။ အာဏာ အလွဲသုံးစားလုပ်၍ ကြိုးကိုင်ခြယ်လှယ်မှုများနှင့် ဖုန်းလိုင်းခိုးယူ နားထောင်မှု စွပ်စွဲချက်များနှင့် ဆက်နွှယ်ပြီး ဖမ်းဆီးမှု အများအပြားလည်း ဆက်တိုက် ပေါ်ပေါက်လာခဲ့သည်။ ဤအခြေအနေသည် ဝန်ကြီးချုပ်သစ် အလီ အယ်လ်-ဇိုင်ဒီ က ဆူဒါနီလက်ထက်တွင် လက်မှတ်ရေးထိုးခဲ့သော စာချုပ်အားလုံးကို ပြန်လည်စိစစ်မည်ဟု ကတိပြုထားချိန်နှင့် တိုက်ဆိုင်နေသည်။ ဝေဖန်သုံးသပ်သူအချို့ကမူ ယခုကဲ့သို့ ဖြောင့်မတ်တည်ကြည်မှုပြသရန် တွန်းအားပေးနေခြင်းမှာ နိုင်ငံရေးကစားကွက် တစ်ခုသာဖြစ်နိုင်ပြီး၊ ဇိုင်ဒီ၏ လှုပ်ရှားမှုသည် အုပ်ချုပ်ရေးကဏ္ဍ ကောင်းမွန်လာစေရန်အတွက် ထိရောက်မှုရှိလိမ့်မည် မဟုတ်ကြောင်း သုံးသပ်ကြသည်။



မေလ ၂၉ ရက်နေ့တွင် အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးစားလုပ်မှု စွပ်စွဲချက်များဖြင့် ထင်ရှားသော ဝန်ကြီးအဆင့် အရာရှိကြီး

တစ်ဦး ဖမ်းဆီးခံရကြောင်း အီရတ်မီဒီယာများ၌ သတင်းများ စတင်ထွက်ပေါ်လာခဲ့သည်။ နောက်တစ်နေ့ မေလ ၃၀ ရက်တွင် ဆက်သွယ်ရေးဝန်ကြီး မွတ်စတာဖာဆာနက်က ရေနံဆိုင်ရာ ဒုတိယဝန်ကြီး အတ်နန် အယ်လ်-ဂျူမိုင်လီ ဖမ်းဆီးထိန်းသိမ်းခံရခြင်းကို ၎င်း၏ Facebook စာမျက်နှာတွင် အရိပ်အမြွက်ရေးသားခဲ့သည်။ ဆာနက်က ထိုသူအား "အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့၏ ဆရာသခင်" ဟု ဖော်ပြခဲ့သည်။ ထို့နောက် အီရတ် အာဏာပိုင်များက ဂျူမိုင်လီအား ရာထူးမှထုတ်ပယ်ကာ ဖမ်းဆီးလိုက်ကြောင်း အတည်ပြုခဲ့ပြီး ၎င်းသည် ဒေါ်လာဘီလီယံနှင့်ချီသော နိုင်ငံရေး တံစိုးလက်ဆောင်များနှင့် ပြည်သူ့ဘဏ္ဍာ အလွဲသုံးစားမှုများအတွက် စုံစမ်းစစ်ဆေးခံနေရခြင်း ဖြစ်သည်။

ဂျူမိုင်လီ ဖမ်းဆီးခံရမှုနှင့် ပတ်သက်၍ အမှုတွင်ပါဝင်သည့် တရားသူကြီးတစ်ဦးက စုံစမ်းစစ်ဆေးသူများသည် အဆိုပါ ရေနံဝန်ကြီးဌာန အရာရှိပိုင်ဆိုင်သည်ဟု ယူဆရသော အိမ်ခြံမြေ ၄၀ ခုမှ ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ ငွေသားနှင့်ရွှေများအပြင် လက်နက်ခဲယမ်း အမြောက်အမြားကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ အီရတ်ထောက်လှမ်းရေးအရာရှိဟောင်း ဆလင် အယ်လ်-ဂျူမိုင်လီက ရာထူးမှထုတ်ပယ်ခံရသော ရေနံ ဒုဝန်ကြီးသည် "နိုင်ငံတော်အာဏာ၏ ထိပ်သီးပိုင်းအထိ ပျံ့နှံ့နေသော ပိုမိုကျယ်ပြန့်သည့် အဂတိကွန်ရက်ကြီး"၏ အစိတ်အပိုင်း အသေးလေးတစ်ခုသာ ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။ အီရတ်ဂျာနယ်လစ် ဆလမ် အယ်လ်-ဟူစိန်နီ ကလည်း ဖိုင်ဒီအနေဖြင့် ဤအရှုပ်တော်ပုံကို ဖုံးကွယ်ရန် ကြိုးပမ်းပါက "မီဒီယာ များ၏ ဖိအားကြောင့် အစိုးရအဖွဲ့ အချိန်မတိုင်မီ ပြုတ်ကျ သွားနိုင်သည်" ဟု သတိပေးခဲ့သည်။

ဤအရှုပ်တော်ပုံသည် ဝန်ကြီးချုပ်ဟောင်း ဆူဒါနီ၏ သမိုင်းဝင် အမွေအနှစ် အပေါ်သို့ အာရုံကျလာစေခဲ့ပြီး၊ ဝေဖန်သူများက ဝန်ကြီးချုပ်ဟောင်းသည် ထိုအဂတိမှုများကို သိလျက်နှင့် မျက်ကွယ်ပြု

ထားခဲ့သည်ဟု စွပ်စွဲကြသည်။ ဇွန်လ ၈ ရက်နေ့တွင် အီရတ် အမျိုးသား လုံခြုံရေးဌာန (INSS) ၏ ဒုတိယအတွင်းဝန် ဗိုလ်ချုပ်ကြီး အာမက် အယ်လ်-တေယာကို ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက ကြေညာခဲ့ချိန်တွင် ဆူဒါနီအပေါ် စွပ်စွဲချက်များ ပိုမိုပြင်းထန်လာခဲ့သည်။ စွပ်စွဲချက်များမှာ ၂၀၂၄ ခုနှစ်နှောင်းပိုင်းကတည်းက ပေါ်ပေါက်ခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း ဆူဒါနီကို ဒုက္ခပေးနေသည့် ဆူဒါနီလက်ထက် ဖုန်းလိုင်းခိုးယူ နားထောင်မှု ကွန်ရက်တွင် တေယာ ပါဝင်ပတ်သက် နေခြင်းနှင့် ဆက်နွယ်နေသည်။

အတိုက်အခံနိုင်ငံရေးသမား မွတ်စတာဖာ အယ်လ်-ဒူလိုင်မီက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဂျူမိုင်လီနှင့် တေယာတို့ နှစ်ဦးစလုံးအား ဖမ်းဆီးနိုင်ခြင်းသည် “ယခင်အစိုးရ လက်ထက်က ဖွဲ့စည်းခဲ့သော အဂတိကွန်ရက်ကြီး ပြိုလဲပျက်စီးခြင်း၏ အစပျိုးမှု” ဖြစ်ကြောင်း ရေးသားခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း တက်လာခဲ့သော အီရတ် ဝန်ကြီးချုပ်များသည် ရာထူးရယူပြီး မကြာမီတွင် သတင်း ခေါင်းစဉ်ကြီးများဖြစ်စေမည့် အဂတိတိုက်ဖျက်ရေး အစီအစဉ်များကို စတင်လေ့ရှိကြသည်။ သို့သော်လည်း အဆိုပါ ကြိုးပမ်းမှုများသည် ပါတီကြီးများက ကျောထောက်နောက်ခံပေးထားသည့် အမြစ်တွယ်နေသော ခြစားမှုများကို စိန်ခေါ်နိုင်ခြင်း ထူးထူးခြားခြား မရှိခဲ့ကြောင်း လေ့လာဆန်းစစ်သူများက ထောက်ပြကြသည်။

ဇိုင်ဒီသည် ၎င်း၏ ရွေးကောက်ပွဲဆောင်လမ်းပြမျှားအတိုင်း “အဂတိလိုက်စားမှုကို တိုက်ဖျက်မည်”ဟု ကတိပြုကာ လျှောက်လှမ်းနေသော်လည်း၊ ၎င်း၏ ချဉ်းကပ်ပုံမှာ ယခင်ပုံစံဟောင်းများကို ထပ်ဟပ်နေသလို တစ်ဖက်တွင်လည်း ကွဲထွက်နေသည်ကို တွေ့ရသည်။ မေလ ၂၉ ရက်နေ့တွင် ဂျူမိုင်လီအား ရာထူးမှထုတ်ပယ်ကာ ဖမ်းဆီးခဲ့ပြီးနောက် တစ်ရက်အကြာတွင်ပင် ဇိုင်ဒီကပြည်သူ့ဘဏ္ဍာများ ပြန်လည်ဆယ်တင်ရေး၊ ကြီးကြပ်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အဆင့်မြင့်ကောင်စီ (Supreme Council for Integrity, Oversight and Recovery of Public Funds) ကို ဖွဲ့စည်း

လိုက်ကြောင်း ကြေညာခဲ့သည်။ ဝန်ကြီးချုပ်ထံ တိုက်ရိုက်အစီရင်ခံရသော ဤအဖွဲ့အစည်းသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများကို စစ်ဆေးရန်နှင့် မရိုးမဖြောင့်မှုများကို တရားစီရင်ရေးဌာနသို့ တိုက်ရိုက်လွှဲပြောင်းရန် လုပ်ပိုင်ခွင့်အာဏာရှိသည်။

မေလ ၃၀ ရက်နေ့က ပြုလုပ်ခဲ့သော အဂတိကြီးကြပ်ရေးအဖွဲ့ အသစ် မိတ်ဆက်ပွဲ သတင်းစာရှင်းလင်းပွဲတွင် ဖိုင်ဒီက အီရတ်ရေနံဝန်ကြီး ဌာန၏ အဂတိလိုက်စားမှုများကို ဖုံးကွယ်ပေးရန်အတွက် “ထင်ရှားသော ဝန်ကြီးဌာနအရာရှိတစ်ဦး” ၏ ဒေါ်လာသန်း ၂၀၀ ပေးကာ လာဘ်ထိုးမှုကို ၎င်းအနေဖြင့် ငြင်းပယ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဆူဒါနီ လက်ထက်က ခန့်အပ်ခြင်းခံခဲ့ရသော ဂျူမိုင်လီသည် အစိုးရသစ်တွင်လည်း ၎င်း၏တာဝန်များကို ဆက်လက်ထမ်းဆောင်နေသူ ဖြစ်သည်။ ၎င်း၏ တာဝန်များတွင် နိုင်ငံပိုင်ရေနံချက်စက်ရုံအချို့၏ ဒါရိုက်တာ အဖွဲ့ဝင်အဖြစ် ပါဝင်မှုလည်းရှိနေပြီး၊ ယင်းလုပ်ပိုင်ခွင့်များကို အသုံးပြု၍ အကြီးအကျယ် အလွဲသုံးစားလုပ်ခဲ့ကြောင်း အာဏာပိုင်များက စွပ်စွဲထားသည်။

ဖမ်းဆီးမှုများ အရှိန်အဟုန်ပြင်းပြင်းဖြင့် လျင်မြန်စွာ ဖြစ်ပွား နေခြင်းကြောင့် အကဲခတ်အချို့က ဤလုပ်ဆောင်ချက်သည် တရားဥပဒေ စိုးမိုးရေးထက် ဖိုင်ဒီအစိုးရသစ်အပေါ် ယုံကြည်မှုရရှိစေရန် လုပ်ဆောင်သည့် နိုင်ငံရေးကစားကွက် (Political Gambit) မျှသာဖြစ်နိုင်ကြောင်း သုံးသပ် ကြသည်။ ဝေဖန်သူအချို့ကလည်း ဝန်ကြီးချုပ်၏ အဂတိတိုက်ဖျက်ရေး ကောင်စီအသစ်သည် တာဝန်ခံမှု အားနည်းနေသေးသည့် အမှုဆောင် အဖွဲ့အစည်းလက်ထဲသို့ အာဏာများကို ပိုမို စုစည်းရောက်ရှိ သွားစေလိမ့် မည်ဟုဆိုကြသည်။ ဝန်ကြီးချုပ်ဟောင်း မွတ်စတာဖာ အယ်လ်-ကာဒီမီ (၂၀၂၀-၂၁) ထံမှ ရာထူးလွှဲပြောင်းရယူပြီးနောက် မကြာမီတွင် ဆူဒါနီသည်လည်း အခွန်ဘဏ္ဍာငွေ အီရတ်ဒိုင်နာ ၃.၇ ထရီလီယံ (ဒေါ်လာ ၂.၅ ဘီလီယံ)

ခိုးယူမှုဖြစ်သည့် "ရာစုနှစ်၏ အကြီးမားဆုံး ခိုးယူမှုကြီး" အရှုပ်တော်ပုံကို လိုက်လံနှိမ်နင်းခဲ့ဖူးသည်။

ထိုအမှု၏ အဓိကတရားခံဟု စွပ်စွဲခံထားရသူ နူးရ် ဇူဟဲရ် ဂျက်ဆင် အယ်လ်-မူသတ်ဖာသည် အီရတ်တရားစီရင်ရေးဌာနနှင့် အပြန်အလှန် အကျိုးခံစားခွင့် သဘောတူညီချက် ရယူပြီးနောက် အာမခံဖြင့် အငြင်းပွားဖွယ် ပြန်လည်လွတ်မြောက် သွားခဲ့သည်။ ထို့နောက် မူသတ်ဖာသည် နိုင်ငံပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး၊ အမှုရင်ဆိုင်ရန် ပြန်လာခြင်း မရှိသည့် အပြင် "ဤအမှုတွင် ပါဝင်ပတ်သက်နေသည့် အခြားသော နိုင်ငံရေးသမား အားလုံးကို" ဖွင့်ချမည်ဟု ခြိမ်းခြောက်နေခဲ့သည်။ တေယာကို ဖမ်းဆီး ထိန်းသိမ်းလိုက်ခြင်းသည် ဆူဒါနီက ၎င်း၏ရုံးအဖွဲ့နှင့် လုံခြုံရေးဆိုင်ရာ အဆောက်အအုံများရှိ မဟာမိတ်များကို အဆင့်မြင့်နိုင်ငံရေးနှင့် လုံခြုံရေး အရာရှိကြီးများ၏ ဖုန်းများကို ခိုးယူနားထောင်ရန် ညွှန်ကြားခဲ့သည်ဆိုသော ကာလ ရှည်စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခိုးယူနားထောင်ခံရသည့် ပစ်မှတ်များတွင် ရှီအိုက် ညှိနှိုင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့ (Shiite Coordination Framework) ၏ အဓိကအဖွဲ့ဝင်များ ဖြစ်သည့် နူရီ အယ်လ်-မာလီကီနှင့် ၎င်း၏သမက်၊ အာဆိုက် အာလ် အာလ်-ဟက်ခ် (Asa’ib Ahl Al-Haq) အဖွဲ့ခေါင်းဆောင် ကိုင်းစ် အယ်လ်-ခါဇာလီ နှင့်ဘာဒရ် (Badr) အဖွဲ့အစည်းဥက္ကဋ္ဌ ဟာဒီ အယ်လ်-အာမီရီတို့ ပါဝင်ကြောင်း သိရသည်။ ထိုစဉ်က ဤအရှုပ်တော်ပုံသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆူဒါနီကို ရာထူးနေရာပေးခဲ့သည့် အာဏာရ မဟာမိတ်အဖွဲ့မှ ထိပ်သီး ခေါင်းဆောင်အချို့ကို အမျက်ဒေါသ ထွက်စေခဲ့ကြောင်း ကျယ်ကျယ် ပြန့်ပြန့် သတင်းထွက်ပေါ်ခဲ့သည်။ ဆူဒါနီအနေဖြင့် ဒုတိယအကြိမ် ဝန်ကြီးချုပ် သက်တမ်းအတွက် ကြိုးပမ်းသော်လည်း အငြင်းပွားဖွယ်ရာများဖြင့် မအောင်မြင်

ခဲ့သည့်ဖြစ်ရပ်နှင့်အတူ၊ ဤအရှုပ်တော်ပုံသည် ယခုအခါ ဝန်ကြီးချုပ်ပောင်းကို ပြန်လည် ခြောက်လှန့်နေပြီ ဖြစ်သည်။

ဖိုင်ဒီ၏ အဂတိနှိမ်နင်းမှုလှုပ်ရှားမှုသည် ဆူဒါနီ၏ လွှတ်တော်တွင်း မဟာမိတ်အဖွဲ့အတွက် ပိုမိုစိုးရိမ်စရာ အခြေအနေ ဖြစ်လာစေသည်။ ဝန်ကြီးချုပ်ပောင်း၏မဟာမိတ်အဖွဲ့သည် မနှစ်က လွှတ်တော်ရွေးကောက်ပွဲတွင် ၄၇ နေရာ အနိုင်ရရှိခဲ့သော်လည်း၊ မကြာသေးမီ သီတင်းပတ်များအတွင်း ထင်ရှားသော လွှတ်တော်အမတ်များပါတီမှ နှုတ်ထွက်မှုများနှင့် ရင်ဆိုင်နေရသည်။ ဆူဒါနီနှင့် ၎င်း၏ မဟာမိတ်များက အတိုက်အခံများကို ဘေးဖယ်ရန် ကြိုးပမ်းမှုအပေါ် မကျေနပ်မှုများ ထွက်ပေါ်နေစဉ် ထိုသို့ နှုတ်ထွက်မှုများကြောင့် ဆူဒါနီ၏ နိုင်ငံရေး အပေးအယူ လုပ်နိုင်စွမ်း (Bargaining Power) လျော့ကျသွားပုံရသည်။ ဤအချက်များအားလုံးက ဖိုင်ဒီ၏ အဂတိတိုက်ဖျက်ရေး လှုပ်ရှားမှုသည် ဆူဒါနီကို နိုင်ငံရေးဇာတ်ခုံမှ လုံးဝ ဖျောက်ဖျက်ပစ်ရန်ထက် ရီအိုက်အုပ်စုတွင်း နိုင်ငံရေးအင်အား ချိန်ခွင်လျှာကို ပြန်လည်ပုံဖော်ရန်နှင့် ဆူဒါနီ၏ အရေးပါမှု အဆင့်အတန်းကို ပြန်လည် ညှိနှိုင်းရန် ရည်ရွယ်ခြင်း ဖြစ်နိုင်ကြောင်း ညွှန်ပြနေသည်။ တစ်ချိန်တည်းမှာ ဂျူမိုင်လီကို ဖမ်းဆီးလိုက်ခြင်း၏ အကျိုးဆက်သည် ဆူဒါနီ တစ်ဦးတည်းတင် မကဘဲ ပိုမိုကျယ်ပြန့်သွားပုံရသည်။

လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော စွပ်စွဲချက်များအရ ရာထူးမှ ထုတ်ပယ်ခံရသော ရေနံဒုတိယဝန်ကြီးသည် အာဆိုက် အာလ် အာလ်-ဟက်ခ် အဖွဲ့နှင့် ဆွန်နီပါတီအချို့ အပါအဝင် အီရတ်နိုင်ငံရေး လောကတစ်ခွင်ရှိ ထင်ရှားသူများနှင့် ဆက်နွှယ်နေကြောင်း သိရသည်။ အကယ်၍ ဂျူမိုင်လီ၏ စာချုပ်များနှင့် တေယာ၏ ဖုန်းလိုင်းခိုးယူနားထောင်မှု ကွန်ရက်အပေါ် စုံစမ်းစစ်ဆေးမှုများ ပိုမိုကျယ်ပြန့်လာပါက ဖိုင်ဒီဦးဆောင်သော အဂတိကောင်စီသည် နောက်ထပ် ဖမ်းဆီးမှုများကို ဆက်တိုက် လုပ်ဆောင်လာနိုင်သည်။ ထိုသို့ ပြတ်ပြတ်

သားသား နှိမ်နှင်းခြင်းသည် အီရတ် အုပ်ချုပ်ရေးကဏ္ဍကို စင်ကြယ်အောင် အလေးအနက် ရှင်းလင်းနေသည်ဟူသော ပုံရိပ်ကို ခိုင်မာစေမည်ဖြစ်သည်။ သို့သော်လည်း ယင်းသည် အာဏာရ ညွန့်ပေါင်း အစိုးရ၏ ကျောရိုးသဖွယ် ဖြစ်နေဆဲဖြစ်သော အုပ်စုများအထိပါ စုံစမ်းစစ်ဆေးမှုများ ရောက်ရှိသွားစေနိုင်သည်။ ရှေ့ဆက်မည့် လမ်းကြောင်းမှာ ဖိုင်ဒီအနေဖြင့် စုံစမ်းစစ်ဆေးမှုကို အစိုးရနည်းပညာ ကျွမ်းကျင်သူ လူတန်းစား (Technocratic Class) ထဲ၌သာ ကန့်သတ်ထားမလား သို့မဟုတ် အဂတိတိုက်ဖျက်ရေးလှုပ်ရှားမှုကို ထိပ်ပိုင်းရှိ နိုင်ငံရေးကျောထောက် နောက်ခံရှင်များအထိ ကူးစက်ခွင့်ပြုမလားဆိုသည့် အပေါ်တွင် မူတည်နေသည်။

ဖိုင်ဒီအနေဖြင့် လွတ်လပ်သောတရားစီရင်ရေးဆိုင်ရာ စောင့်ကြည့်ရေး အဖွဲ့များကို အားနည်းအောင် ပြုလုပ်နေခြင်းသည် ရွေးချယ်ပြီး အရေးယူခြင်း (Selective Justice) နှင့် နိုင်ငံရေးအာဃာတ ဖြေရှင်းခြင်းဟူသော စွပ်စွဲချက်များကို ပိုမိုဆိုးရွားစေနိုင်သည်။ ၎င်းသည် ဝန်ကြီးချုပ်သစ်ရရှိရန် မျှော်လင့်ထားသည့် တရားဝင်မှုကို လျော့ပါးသွားစေနိုင်သည်။ လောလောဆယ်တွင် ထိပ်တန်းအရာရှိကြီးများကို ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းနှင့် နိုင်ငံခြားကုမ္ပဏီများကို ငွေညှစ်မှုများမှ ကာကွယ်ပေးမည်ဟူသော ကတိကဝတ်များ ပေါင်းစပ်မှုကြောင့် ပြည်သူလူထု အနေဖြင့် အပေါ်ယံပြရုံထက်ကျော်လွန်သော တာဝန်ခံမှုမျိုးကို ပိုမိုမျှော်လင့်လာကြပြီ ဖြစ်သည်။

Source-[https://amwaj.media/en/media-monitor/sudanis-legacy-in-question-as-new-iraqi-pm-clamps-down-on-corruption](https://amwaj.media/en/media-monitor/sudanis-legacy-in-question-as-new-iraqi-pm-clamps-down-on-corruption)

ဘာသာပြန်သူ

ဒေါ်ဖြိုးဖြိုး

ဦးစီးအရာရှိ

***********............**********

# အရှိန်အဟုန်ဖြင့် ကြီးထွားလာနေသော အဂတိလိုက်စားမှု ကောလာဟလ (အရှုပ်တော်ပုံ) ကြောင့် မိုင်လေ (Milei) ၏ ထိပ်တန်းလက်ထောက်နှင့် ဝန်ကြီးအဖွဲ့အကြီးအကဲ ရာထူးမှ နုတ်ထွက်

ဗျူနိုအေးရိစ်၊ အာဂျင်တီးနား (အေပီ), ဇွန်လ ၂၈ ရက်

အာဂျင်တီးနားသမ္မတ ဟာဗီယာ မီလိုင်၏ ဝန်ကြီးအဖွဲ့ အကြီးအကဲနှင့်ရင်းနှီးသည့် မဟာမိတ်ဖြစ်သူ မာနျူရယ်အာဒေါနီသည် လစ်ဘရီတေးရီးယန်း အစိုးရအဖွဲ့ကို တုန်လှုပ်စေခဲ့သည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ခုကြောင့် ရာထူးမှနုတ်ထွက်သွားခဲ့သည်။ ယခုအရှုပ်တော်ပုံသည် နိုင်ငံရေးအထက်တန်းလွှာများအကြား နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် အဂတိလိုက်စားမှုများကို အမြစ်ပြတ်ချေမှုန်းမည်ဟူသော ၎င်းတို့၏ အဓိက မဲဆွယ်ကတိကဝတ်ကို ထိခိုက်ညှိုးနွမ်းစေခဲ့သည်။ သမ္မတမီလိုင်၏ ပြောရေးဆိုခွင့်ရှိသူဟောင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ပြင်းထန်သော အသုံးစရိတ် လျှော့ချရေး အစီအစဉ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုတို့၏ ပုံရိပ်အဖြစ် ပေါ်ထွက်လာခဲ့သူ အာဒေါနီ၏ ရာထူးမှနုတ်ထွက်မှုကြောင့် သမ္မတအနေဖြင့် ၎င်း၏ကာလရှည်ကြာ အယုံကြည်ရဆုံးသော ထိပ်တန်း လက်ထောက်တစ်ဦးကို ဆုံးရှုံးလိုက်ရခြင်း ဖြစ်သည်။

သမ္မတကဲ့သို့ပင် နိုင်ငံရေးလောကအပြင်ပန်းမှ ရောက်ရှိလာသူဖြစ်သည့် အာဒေါနီ၏ အလွန်အကျွံ သုံးဖြုန်းမှုများနှင့် အိမ်ခြံမြေဝယ်ယူမှုဆိုင်ရာ ဖော်ထုတ်ချက်များက သတင်းစာမျက်နှာများတွင် လွှမ်းမိုးလာခဲ့ပြီး မကြာသေးမီလများအတွင်း ၎င်းသည် ဝေဖန်ပြစ်တင်မှုများ၏ ပစ်မှတ်ဖြစ်လာခဲ့သည်။ သမ္မတ မီလိုင်သည် ပြီးခဲ့သည့် နှစ်က အာဒေါနီကို ဝန်ကြီးအဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ပြီး လွှတ်တော်တွင်းရှိ ပြည်နယ်အုပ်ချုပ်ရေးမှူး

များနှင့် အခြားအကျိုးစီးပွား သက်ဆိုင်သူများနှင့် ညှိနှိုင်း ဆွေးနွေးမှုများတွင် ၎င်းအား ဩဇာအာဏာအရှိန်အဝါ အမြောက်အမြား ပေးအပ်ခဲ့သည်။



ဖက်ဒရယ်အစိုးရရှေ့နေများသည် အာဒေါနီအား မတရားသဖြင့် ကြွယ်ဝချမ်းသာ လာမှုဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါ စွပ်စွဲချက်များသည် အာဂျင်တီးနားနိုင်ငံ၏ လက်ဝဲယိမ်း လူထုအခြေပြု အတိုက်အခံများကို မီလိုင်နှင့် အာဒေါနီကိုယ်တိုင် ပုံမှန်ဝေဖန်လေ့ရှိသည့် အလွန်အကျွံ သုံးဖြုန်းမှုမျိုးကို ၎င်းကိုယ်တိုင် ကျူးလွန်ခဲ့သည်ဟူသော ကိစ္စရပ်မှ မြစ်ဖျားခံလာခြင်းဖြစ်သည်။ အာဒေါနီကမူ ၎င်းတွင်အပြစ်မရှိကြောင်းငြင်းဆိုထားသည်။

"၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်ဟာ သမ္မတကြီးရဲ့ ဆန္ဒကို ဆန့်ကျင်လိုက်ရပါတယ်" ဟု မီလိုင် သမ္မတရာထူး စတင်လက်ခံသည့်နေ့စွဲကို ရည်ညွှန်း၍ အာဒေါနီက ၎င်း၏ လူမှုကွန်ရက်တွင် တင်ခဲ့သော နုတ်ထွက်စာ၌ ရေးသားထားသည်။ "ကျွန်တော့်အပေါ် အမြဲတမ်း ယုံကြည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအတွက် မတရားသဖြင့် နာကျင်စရာ ကောင်းပြီး မောပန်းနွမ်းနယ်စရာကောင်းတဲ့ ဒီဖြစ်စဉ် တစ်လျှောက်လုံးမှာ ပံ့ပိုးကူညီပေး

ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဖော်ပြထားသည်။ ယခု အရှုပ်တော်ပုံကြောင့် အစိုးရအဖွဲ့၏ လူထုပုံရိပ် ထိခိုက်ခဲ့ရပြီး မဟာမိတ်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် နိုင်ငံရေးအရအသာစီးရမှုကိုလျော့ပါးစေခဲ့သည့်အပြင်၊ ငွေကြေးဖောင်းပွမှုဒဏ်ကြောင့် လစာငွေ မလောက်မငဖြစ်နေရသည့် အာဂျင်တီးနားပြည်သူများအပေါ် အသုံးစရိတ်လျှော့ချရေးဆိုင်ရာ အစိုးရ၏ ပြောဆိုချက်များကို ထိခိုက်စေခဲ့သော်လည်း၊ လက်ရှိအချိန်အထိ သမ္မတ မီလိုင်သည် ၎င်း၏ ဝန်ကြီးအဖွဲ့အကြီးအကဲဘက်မှ ကာကွယ်ပြောဆိုပေးထားဆဲဖြစ်သည်။

"မာနျူရယ်က အပြစ်မရှိပါဘူး" ဟု ပြီးခဲ့သည့်အပတ်က စပိန်နိုင်ငံသို့သွားရောက်လည်ပတ်စဉ်အတွင်း မီလိုင်က ဒေသတွင်း မီဒီယာများကို ပြောကြားခဲ့သည်။ "ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ဝန်ကြီးတွေဘက်ကနေ အဆုံးထိ မားမားမတ်မတ် ရပ်တည်သွားမှာပါ" ဟု ဆိုသည်။ အာဒေါ်နီ၏ နုတ်ထွက်စာနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် တောင်းဆိုချက်ကို သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ချက်ချင်းတုံ့ပြန် ဖြေကြားခြင်း မရှိသေးပေ။ သမ္မတ၏ ညီမဖြစ်သူနှင့် ထိပ်တန်းအကြံပေး ကာရီနာ မီလိုင် (Karina Milei) က အာဒေါ်နီ၏ "မောပန်းနွမ်းနယ်မှုမရှိသော လုပ်ဆောင်ချက်များ" အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး ၎င်းကို ၎င်းတို့၏ လစ်ဘရီတေးရီးယန်းပါတီ၏ "ရိုးသားဖြောင့်မတ်ပြီး၊ တန်ဖိုးရှိကာ လူချစ်လူခင် ပေါများသော" အဖွဲ့ဝင်တစ်ဦးအဖြစ် ပြောဆိုခဲ့သည်။

အာဒေါ်နီ၏ ပုဂ္ဂလိကဘဝသည် စိစစ်ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခြင်း မရှိသည့် ၎င်း၏ဇနီး ဖြစ်သူသည် နယူးယောက်မြို့၌ ကျင်းပသည့် ညီလာခံ တစ်ခုသို့ သမ္မတလေယာဉ်ဖြင့် လိုက်ပါသွားခဲ့ခြင်းကြောင့် ဖြစ်သည်။ ရက်အနည်းငယ်အကြာတွင် ၎င်းနှင့် ၎င်း၏မိသားစုသည် ဥရုဂွေးနိုင်ငံ၏ အထက်တန်းလွှာများ အပန်းဖြေရာ

Punta del Este ကမ်းခြေ အပန်းဖြေ စခန်းသို့ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် ပျံသန်းသွားခဲ့သည့် ရုပ်သံမှတ်တမ်းများ ထွက်ပေါ်လာခဲ့သည်။ မီလိုင် သမ္မတ ရာထူးရရှိပြီး ကတည်းက အာဒေါ်နီသည် ဗျူနိုအေးရိစ်ရှိ တိုက်ခန်းတစ်ခန်းနှင့် မြို့ပြင်ရှိ အပတ်စဉ် အပန်းဖြေအိမ် တစ်လုံးအပါအဝင် အိမ်ခြံမြေနှစ်ခုကို ဝယ်ယူခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် အာရူးဗား (Aruba) ကျွန်းသို့ ငွေသား အပြည့်အဝ ပေးချေ၍ သွားရောက်ခဲ့သည့် ခရီးစဉ် အပါအဝင် အခြားသော ဇိမ်ခံအပန်းဖြေခရီးစဉ်များမှ ၎င်း၏ပုံရိပ်များလည်း ထွက်ပေါ်လာခဲ့သည်။ ၎င်း၏ လူသိရှင်ကြား ထုတ်ပြန်ထားသော ဘဏ္ဍာရေး အခြေအနေများအရ အာဒေါ်နီသည် ပြီးခဲ့သည့် နှစ်နှောင်းပိုင်းအထိ တစ်လလျှင် လစာ ယူအက်စ် ဒေါ်လာ ၂,၆၀၀ ဝန်းကျင်သာ ရရှိခဲ့သည်။

လွှတ်တော်အမတ်များနှင့် သတင်းထောက်များက မေးမြန်းစုံစမ်းသော အခါ အာဒေါ်နီသည် ၎င်း၏ များပြားလှသော အသုံးစရိတ်များနှင့် နည်းပါးသော လစာငွေတို့အကြား ကွာဟချက်ကိုရှင်းလင်းရန် ရုန်းကန်ခဲ့ရသည်။ ၎င်းအနေဖြင့် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း သီတင်းပတ်ပေါင်းများစွာ တုံ့ပြန်ခဲ့သော်လည်း၊ ယခုလအစောပိုင်းတွင် ဖိအားများ မြင့်တက်လာခဲ့ပြီးနောက် အာဂျင်တီးနား၏ မှောင်ခိုဈေးကွက်တွင် ဒေါ်လာများ ဝယ်ယူခဲ့ပြီး ဒေါ်လာ ၅၀၀,၀၀၀ ခန့်ရှိသော စုဆောင်းငွေများကို အခွန်အာဏာပိုင်များထံမှ ဖုံးကွယ် ထားကြောင်း ဝန်ခံခဲ့သည်။ အဆိုပါ လုပ်ရပ်သည် စီးပွားရေး အကျပ်အတည်း ဆိုက်ရောက်နေသော အာဂျင်တီးနားနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် ကြပြီး အရေးယူအပြစ်ပေးလေ့မရှိသော်လည်း ဥပဒေကြောင်းအရ တရားမဝင်သော ပြစ်မှုတစ်ခုဖြစ်သည်။ အဆိုပါ ငွေကြေးများသည် ခရစ်ပတိုကာရန်စီ (Cryptocurrency) တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း အပါအဝင် တရားဝင်ရှာဖွေ ရရှိထားသော ငွေများဖြစ်ကြောင်း အာဒေါ်နီက အခိုင်အမာ ပြောဆိုခဲ့သည်။

၎င်း၏နေရာတွင် ဝန်ကြီးအဖွဲ့အကြီးအကဲအဖြစ် မည်သူ့ကို အစားထိုးခန့်အပ် မည်ဆိုသည်မှာ လတ်တလောတွင် ရှင်လင်းစွာမသိရ သေးပေ။

Source-[https://apnews.com/article/argentina-javier-milei corruption-scandal-manuel-adorni-fa01b7cae195568d70cc64e1762fe3c7](https://apnews.com/article/argentina-javier-milei-corruption-scandal-manuel-adorni-fa01b7cae195568d70cc64e1762fe3c7)

ဘာသာပြန်သူ
ဒေါ်ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

***********............**********

## ဖိလစ်ပိုင်နိုင်ငံတွင် ရာသီဥတု အကျပ်အတည်းကြောင့် အဂတိလိုက်စားမှုများကို ပိုမိုဆိုးဝါးစေခြင်း



ဖိလစ်ပိုင်နိုင်ငံတွင် စနစ်ကျသော အကျင့်ပျက် ခြစားမှုများကြောင့် ရာသီဥတုဒဏ် ခံနိုင်ရည်အား မြှင့်တင်ရန် ကြိုးပမ်းမှုများကို ပျက်ပြားစေသည့် အခြေအနေမှာ ပိုမိုဆိုးရွားစေသည်။ ဒီပြဿနာကို သက်ဆိုင်သူတွေ ဘယ်လိုဖြေရှင်း သင့်လဲ။ ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ ကြွယ်ဝသော်လည်း သဘာဝပတ်ဝန်းကျင် လျင်မြန်စွာ ပျက်စီးယိုယွင်းမှု အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဖိလစ်ပိုင်နိုင်ငံတွင် လတ်တလော ဖြစ်ပွား ခဲ့သော ဘေးအန္တရာယ်များနှင့် ရာသီဥတုဆိုင်ရာ ပြဿနာများက ၎င်းတို့ ကြုံတွေ့နေရသည့် ထိခိုက်လွယ်မှုများကို မီးမောင်းထိုးပြနေသည်။ စနစ်တကျ အမြစ်တွယ်နေသော အဂတိလိုက်စားမှုများက ရာသီဥတုဒဏ်ခံနိုင်ရည်

မြှင့်တင်ရန် ကြိုးပမ်းမှုများကို ဟန့်တားဖျက်ဆီးနေသဖြင့် အခြေအနေမှာ ပိုမို ဆိုးရွားလာနေသည်။

သက်ဆိုင်သူများအနေဖြင့် ဤခက်ခဲရှုပ်ထွေးသော ပုစ္ဆာကို မည်သို့ ဖြေရှင်းသင့်သနည်း။ ဧပြီလလယ်ပိုင်းက မနီလာပင်လယ်အော်ရှိ မြေဖို့ဧရိယာ ပေါ်မှ ပိတ်ထားသော အမှိုက်ပုံတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် မနီလာမြို့တော် မြောက်ပိုင်း၏ ကောင်းကင်ယံ တစ်ခုလုံးတွင် မြူခိုးမြူငွေ့များ ဖုံးလွှမ်းသွားခဲ့သည်။ ဤဘေးအန္တရာယ်သည် နိုင်ငံ၏ပြင်းထန်သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းကို ထင်ဟပ်နေသည်။

မနီလာပင်လယ်အော် မြေဖို့စီမံကိန်းသည် အဏ္ဏဝါသက်ရှိများ၏ ကျက်စားရာနေရာများကို အန္တရာယ်ပြုသည့် အမှိုက်စွန့်ပစ်ရာနေရာ ဖြစ်လာ ခဲ့သည်။ ဤသည်မှာ သီးခြား ဖြစ်ရပ်တစ်ခု မဟုတ်ပေ။ အကြောင်းမှာ မြေဖို့ စီမံကိန်း၏ ပုံစံပြမြေပုံသည် မနီလာမြို့တော်နှင့် အနီးနားရှိ ပြည်နယ်များ၏ ကမ်းရိုးတန်းတစ်လျှောက် အကျယ်အဝန်း အတော်များများကို လွှမ်းခြုံထား သောကြောင့်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက် နိုင်မှုများနှင့် ပတ်သက်၍ ကန့်ကွက်အော်ဟစ်မှုများ ရှိနေသည့်ကြားမှ လေဆိပ်များမှသည် ကာစီနိုအချက်အချာနေရာများအထိ မဟာစီမံကိန်းကြီး များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံ၏အကြီးဆုံးမြို့ပြဗဟိုချက်ရှိ နိမ့်ပါးသောဒေသ များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြေဖို့စီမံကိန်းများက ရေကြီး ရေလျှံမှုပြဿနာကို ပိုမိုဆိုးရွားစေနိုင်သည်။

ကဏ္ဍာပေါင်းစုံမှ ပြင်းထန်သော စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာခဲ့ပြီး နောက် ၂၀၂၃ခုနှစ်တွင် သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာ (Ferdinand Marcos Jr) က မနီလာ ပင်လယ်အော် မြေဖို့စီမံကိန်းကို ဆိုင်းငံ့ခဲ့သည်။ သို့သော် ထိုအချိန် မှစ၍ မြေဖို့ခြင်း လုပ်ငန်းများကို ပြန်လည်စတင်ခဲ့ပြီး အဆိုပါစီမံကိန်းသည်

ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိမရှိနှင့် ပတ်သက်၍ အစိုးရအနေဖြင့် ၎င်းတို့၏ လေ့လာဆန်းစစ်ချက်ကို ယနေ့တိုင် ထုတ်ပြန်ခြင်း မရှိသေးပေ။ သို့သော် နိုင်ငံတစ်ဝန်းတွင် အဖန်တလဲလဲ ကြုံတွေ့နေရသည့် အသက်အန္တရာယ်ဖြစ်စေသော ရေကြီးရေလျှံမှုများမှာ မြေဖို့စီမံကိန်း တစ်ခုတည်းကြောင့် မဟုတ်ပါ။ ပြင်းထန်သော ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဒေသတွင်း တုံ့ပြန်နိုင်စွမ်း အကြီးအကျယ် ကျဆင်းနေရသည့်အပြင် အကြီးစား သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ ကျောက်မျက်တူးဖော်ရေးနှင့် ရေနက်တူးဖော်ရေးလုပ်ငန်းများကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားနေသည်။

ပစိဖိတ်မီးကွင်း(Pacific Ring of Fire)တွင် တည်ရှိသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များ ကျရောက်လွယ်သော်လည်း ယင်းအခြေအနေက အာဏာပိုင်များအနေဖြင့် သယံဇာတထုတ်ယူရေး လုပ်ငန်းများအား ခွင့်ပြုမိန့်များ တိုးမြှင့်ချထားပေးခြင်းကို တားဆီးနိုင်ခြင်း မရှိခဲ့ပေ။ လွန်ခဲ့သည့်နှစ်က ပေါ်ပေါက်ခဲ့သော အဂတိလိုက်စားမှု ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကြီးသည် အရည်အသွေးမပြည့်မီခြင်း၊ ချို့ယွင်းချက်ရှိခြင်းနှင့် အမှန်တကယ်မရှိသော ရေဘေးကာကွယ်ရေး စီမံကိန်းများကြောင့် လူထု၏ ပြင်းထန်သော မကျေနပ်ချက်များမှတစ်ဆင့် အရှိန်ရလာခဲ့ခြင်း ဖြစ်သည်။ ယင်းအရှုပ်တော်ပုံ မပေါ်ပေါက်မီက အဂတိလိုက်စားသော နိုင်ငံရေးသမားများသည် ဖျက်ဆီးအားပြင်းသော တိုင်ဖုန်းမုန်တိုင်းများကြောင့် ဖြစ်ပေါ်လာသည့် မုန်တိုင်းဒီရေနှင့် ရေကြီးမှုဒဏ်များမှ လူထုကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ရေဘေးကာကွယ်ရေးစီမံကိန်းများစွာကို ထောက်ခံအတည်ပြုပေးခဲ့ကြသည်။ ၎င်းတို့သည် ပီဆိုဘီလီယံချီ တန်ဖိုးရှိသော အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် လူထုထောက်ခံမှုရရှိရန် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသုံးအနှုန်းများကို အလွဲသုံးစား ပြုလုပ်ခဲ့ကြသော်လည်း အဆိုပါစီမံကိန်း

များသည် ပြည်သူ့ဘဏ္ဍာများကို စနစ်တကျ ခိုးယူရန်အတွက် ဖုံးကွယ်ထားခြင်း သက်သက်သာဖြစ်ကြောင်း နောက်ပိုင်းတွင် ပေါ်ထွက်လာခဲ့သည်။

ယခုနှစ်တွင် အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆန္ဒပြပွဲများ ကျဲပါးသွားခဲ့သော်လည်း တာဝန်ခံမှုရှိရန် တောင်းဆိုချက်များနှင့် ဒေသခံနိုင်ငံရေးသမားများ အဆိုပြုကာ လူထုအတွင်း အကောင်အထည်ဖော်နေသည့် စီမံကိန်းများအပေါ် ပြည်သူလူထု၏ သံသယစိတ်များမှာ အားကောင်းနေဆဲဖြစ်သည်။ ရာသီဥတုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အခြေခံလူတန်းစားအဆင့်တွင် မဖြစ်မနေ စီမံကိန်းချမှတ် အကောင်အထည် ဖော်ရမည်ဖြစ်သောကြောင့် ယခုကဲ့သို့ သံသယဖြစ်ပွားနေခြင်းမှာ စိတ်မကောင်းစရာပင်ဖြစ်သည်။ ဤအခြေအနေသည် ရာသီဥတုဘေးအန္တရာယ်တွင် ရှေ့တန်းမှ ရင်ဆိုင်နေရသူများနှင့် ဦးဆုံးတုံ့ပြန်ဆောင်ရွက်ရသူများ အကျိုးကျေးဇူးရရှိစေရန် ကြိုတင်ပြင်ဆင်မှုနှင့် ရန်ပုံငွေကို ဦးစားပေးမည့် ဆန်းသစ်သောချဉ်းကပ်မှုများအတွက် ရရှိမည့်ထောက်ခံမှုများကို ထိခိုက်စေနိုင်သည်။ ဥပမာအားဖြင့် ဆီနိတ်တာ လိုရင်း လက်ဂါဒါ (Loren Legarda) ၏ "စည်းကမ်းသတ်မှတ်ချက်ရှိသော ကြိုတင်တုံ့ပြန်မှု" အဆိုပြုချက်သည် ဘေးအန္တရာယ်ကျရောက်ပြီးမှ ဆန်းစစ်ချက်ကို စောင့်ဆိုင်းနေမည့်အစား ခန့်မှန်းချက်အပေါ်အခြေခံ၍ ရန်ပုံငွေများ ထုတ်ပေးရန် ရည်ရွယ်ထားပြီး၊ ဒေသခံလူထု အနေဖြင့် ရိက္ခာပစ္စည်းများ ဝယ်ယူခြင်းနှင့် ရွှေ့ပြောင်းရေးအတွက် ပြင်ဆင်နိုင်ရန်ဖြစ်သည်။

သို့သော် ဤအဆိုပြုချက်သည် အဂတိလိုက်စားမှုနှင့် အကျိုးစီးပွားအလိုလိုက်မှုများ၏ အန္တရာယ်များနှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများနှင့် သေချာပေါက် ရင်ဆိုင်ရမည်ဖြစ်သည်။ "ကြိုတင်မျှော်မှန်းထားသော ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေး" အယူအဆသည် ဘေးအန္တရာယ်များကို တုံ့ပြန်ရန်အတွက် အရင်းအမြစ်များကို ကြိုတင် ပြင်ဆင်ထားနိုင်သဖြင့် ဒေသခံ

လူထုကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သော်လည်း၊ အဂတိလိုက်စားသော နိုင်ငံရေးသမားများအား လာဘ်ပေးလာဘ်ယူမှုများနှင့် ပုံမှန်မဟုတ်သော ဘတ်ဂျက်ထည့်သွင်းမှုများ မှတစ်ဆင့် မတရားသောနည်းဖြင့် ချမ်းသာ ကြွယ်ဝခွင့် ပြုခဲ့ခြင်းကြောင့် မကြာသေးမီက နာမည်ပျက်ခဲ့သည့် ဗျူရိုကရေစီ ယန္တရားအတွင်း၌ ဤအယူအဆမှာ ပုံဖျက်ခံရနိုင်သည်။ တစ်နည်းအားဖြင့် ဆိုရသော် ထိရောက်ပြတ်သားသည့် ရာသီဥတုဆိုင်ရာ ဖြေရှင်းချက်များကို ဖော်ဆောင်ရာတွင် အဂတိလိုက်စားသော အရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍရှိ ၎င်းတို့၏ လူယုံတော်များကို တာဝန်ခံမှုရှိစေခြင်းဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ရနေမှုကို အဆုံးသတ်ရေးဟူသည့် လူထု၏ တောင်းဆိုသံများနှင့် ခွဲခြား၍ မရနိုင်ပါ။

ဤသည်မှာ အုပ်ချုပ်ရေးယန္တရားအပေါ် ယုံကြည်မှု ပြန်လည် တည်ဆောက်ရန်နှင့် ရေရှည်တည်တံ့သော ဒေသအခြေပြုလုပ်ဆောင်ချက် များအတွက် နိုင်ငံရေးအရ ထောက်ခံမှုများ စည်းရုံးရန် အရေးကြီးလှသည်။ ရာသီဥတုဒဏ် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် သက်သာ လျော့ပါးစေမည့် အစီအမံများသည် အုပ်ချုပ်ရေးအဆင့်ဆင့်တွင် ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှု မြှင့်တင်ရေးမူဝါဒနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ယင်းက မီးမောင်းထိုးပြနေသည်။ မနီလာမြို့တော်တွင် လေထုညစ်ညမ်းမှု အကျပ်အတည်း ဖြစ်ပွားစေခဲ့သည့် လတ်တလော အမှိုက်ပုံမီးလောင်မှု ဘေးအန္တရာယ်သည် ယခုနှစ်အတွင်း ပိုမိုကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို သယ်ဆောင်လာနိုင်သည့် ဘေးအန္တရာယ်များ၏ ရှေ့ပြေးနိမိတ် ဖြစ်နိုင်သည်။ နောက်ထပ်နှစ်လမှ သုံးလအတွင်း ကျေးလက်ဒေသများတွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်ကို ခံရဖွယ်ရှိသည်။ တိုင်ဖုန်းမုန်တိုင်းရာသီ စတင်လာခြင်း ကလည်း ရေဘေးကာကွယ်ရေး အရှုပ်တော်ပုံ၏ အတိုင်းအတာကို ပိုမို ပေါ်လွင်စေနိုင်သည်။

ရာသီဥတုဆိုင်ရာ မတရားမှုများကြောင့် ဖြစ်ပေါ်လာရသည့် ပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ကျော်လွှားရန် နည်းလမ်းသစ်များ ရှာဖွေရေးအတွက် လူထုအတွင်း မိတ်ဖက်ဆောင်ရွက်မှုများကို စတင်ရင်း၊ တစ်ဖက်ကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

Source-Marcos: 'Corruption is worst sin of all' Jervis Manahan,

ဘာသာပြန်သူ
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

***********............**********

## အိုဟိုင်ယိုပြည်နယ်တွင် ဒေါ်လာ သန်း ၆၀ အကျင့်ပျက်ခြစားမှုအမှုနှင့် ပတ်သက်၍ FirstEnergy အမှုဆောင်ဟောင်းများကို ထပ်မံစွဲချက်တင်

ဇွန် ၆ ရက်၊ ၂၀၂၆ (Associated Press)

၂၀၂၆ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် AP သတင်းဌာနက ဖော်ပြထားသည့် သတင်းအရ၊ အိုဟိုင်ယို ပြည်နယ် ရှေ့နေချုပ် Dave Yost သည် လျှပ်စစ်စွမ်းအင်ကုမ္ပဏီ FirstEnergy Corp. ၏ အလုပ်မှထုတ်ပယ်ခံထားရသော အမှုဆောင်ဟောင်းနှစ်ဦးဖြစ်သည့် Charles "Chuck" Jones (CEO ဟောင်း) နှင့် Michael Dowling (ထိပ်တန်း Lobbyist ဟောင်း) တို့ကို ဒေါ်လာ သန်း ၆၀ တန် လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှု အမှုနှင့် ပတ်သက်၍ ရာဇဝတ်မှုစွဲချက်အသစ် ၂၂ ချက်ဖြင့် ထပ်မံတရားစွဲဆို (reindict) လိုက်ကြောင်း ကြေညာခဲ့သည်။

ယခင်က ၎င်းတို့နှစ်ဦးအား စွဲဆိုထားသည့်အမှုသည် တရားသူကြီးအဖွဲ့ (jury) က တစ်သဘောတည်း ဆုံးဖြတ်ချက်မချနိုင်ခဲ့သဖြင့် mistrial

(အမှုဆုံးဖြတ်ချက် မချနိုင်ဘဲ ပျက်ပြယ်ခြင်း) အဖြစ် အဆုံးသတ်ခဲ့သည်။ ယခုအခါ စုံစမ်းစစ်ဆေးမှုအတွင်း ရရှိလာသော အထောက်အထား အသစ်များ အပေါ် အခြေခံ၍ အမှုကို ထပ်မံစွဲဆိုခြင်း ဖြစ်သည်။



အစိုးရရှေ့နေများ၏ စွပ်စွဲချက်အရ Jones နှင့် Dowling တို့သည် ၂၀၁၉ ခုနှစ်တွင် ဒေါ်လာ ၄.၃ သန်းကို ရှေ့နေနှင့် Lobbyist ဖြစ်သူ Sam Randazzo ထံ ပေးချေ စီစဉ်ခဲ့ကြောင်း သိရသည်။ အဆိုပါငွေပေးချေမှုသည် Randazzo ကို Ohio Public Utilities Commission (PUCO) ၏ ဥက္ကဌအဖြစ် ခန့်အပ်မခံရမီ အချိန်ပိုင်းအတွင်း ဖြစ်ပွားခဲ့ပြီး၊ နောက်ပိုင်းတွင် FirstEnergy အတွက် အကျိုးရှိစေမည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေဆိုင်ရာ ဆုံးဖြတ်ချက် များရရှိစေရန် အပြန်အလှန် အကျိုးအတွက် ပေးအပ်ခဲ့သည့် လာဘ်ငွေ ဖြစ်ကြောင်း စွပ်စွဲထားသည်။

ထိုအကျိုးအမြတ်များတွင် House Bill 6 ဟုခေါ်သော ဥပဒေကို ရေးဆွဲခြင်းနှင့် အတည်ပြုနိုင်ရန် တွန်းအားပေးခြင်းလည်း ပါဝင်ခဲ့သည်။ ယင်းဥပဒေအရ FirstEnergy နှင့် ဆက်စပ်သော အဟောင်းနျူကလီးယား ဓာတ်အားပေးစက်ရုံ နှစ်ရုံအတွက် ဒေါ်လာ ၁ ဘီလီယံ အစိုးရအကူအညီ (bailout) ပေးရန် ပြဋ္ဌာန်းထားသည်။

စွဲချက်အသစ်များတွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ပူးပေါင်း ကြံစည်မှု၊ သက်သေအထောက်အထားဖျက်ဆီးမှု၊ ဆက်သွယ်ရေး လိမ်လည်မှု၊ တရားစီရင်ရေးကို အနှောင့်အယှက်ပြုမှုနှင့် မှတ်တမ်း

အတုအယောင် ပြုလုပ်မှု စသည့် ရာဇဝတ်မှုများ ပါဝင်သည်။ Ohio ရှေ့နေချုပ် Dave Yost က FirstEnergy ၏ အမှုဆောင်နှစ်ဦးသည် ကုမ္ပဏီ၏ စီးပွားရေး အကျိုးအမြတ်နှင့် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အစိုးရ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို လွှမ်းမိုးထိန်းချုပ်ရန် ကြိုးပမ်းခဲ့ပြီး၊ အစိုးရ အာဏာကို ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အသုံးချခဲ့သည်ဟု စွပ်စွဲ ပြောကြားခဲ့သည်။

ဤအမှုသည် အိုဟိုင်ယိုပြည်နယ်တွင် နှစ်ပေါင်းများစွာ ကြာမြင့်နေသော ဒေါ်လာသန်း ၆၀ တန် FirstEnergy ကုမ္ပဏီက အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းအမှုနှင့် ဆက်နွယ်၍ ယခင် Ohio House Speaker Larry Householder သည် အစီအစဉ်ကို ဦးဆောင်စီမံခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံ နေရပြီး အခြားဆက်စပ်သူများလည်း တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း နှင့်စုံစမ်းစစ်ဆေးမှုများ ဆက်လက်ခံနေရသည်။

အခြားတစ်ဖက်တွင် Jones နှင့် Dowling တို့၏ ရှေ့နေများက ယခုစွဲချက် အသစ်များသည် ယခင်စွဲချက်များကိုသာ ပြန်လည်ထပ်မံတင်ပြ ထားခြင်းဖြစ်ပြီး၊ တရားရုံးက ယခင်အမှုတွင် လက်မခံခဲ့သည့် အထောက်အထား အချို့ကိုပြန်လည်အသုံးပြုထားသည် ဟုတုံ့ပြန်ထားကြသည်။ အမှုကို ဆက်လက် စစ်ဆေးရန် တရားရုံးတွင် ဥပဒေရေးရာ လုပ်ငန်းစဉ်များ ဆက်လက်ပြုလုပ် လျက်ရှိသည်။

Source- Ex-FirstEnergy executives reindicted in Ohio in $60 million corruption scheme - CBS Pittsburgh

ဘာသာပြန်သူ
ဦးသော်သော်နိုင်
ညွှန်ကြားရေးမှူး

*********** ............ **********

## ပနားမားစာရွက်စာတမ်းများ- ၁၀ နှစ်အကြာ၊ ကတိကဝတ်များနှင့် ကျရှုံးမှုများ




ပနားမားစာရွက်စာတမ်းများသည် ကမ္ဘာတစ်ဝှမ်းရှိ အဂတိလိုက်စားမှုကို ဖြစ်ထွန်းစေသည့်စနစ်များနှင့်ယန္တရားများကို ဖော်ထုတ်ပြသခဲ့သည်။ ဆယ်စုနှစ် တစ်ခုအကြာတွင် Transparency International က မည်သည့်အရာများ ပြောင်းလဲသွားပြီး မည်သည့်အရာများ ပြောင်းလဲခြင်း မရှိသေးသည်ကို ဆန်းစစ် သုံးသပ်ထားသည်။

အနှစ်ချုပ် (Summary)

- ပနားမားစာရွက်စာတမ်းများ (Panama Papers)သည် ကုမ္ပဏီများ၏ ပိုင်ရှင်အစစ်အမှန်ကို ဖုံးကွယ်ထားခြင်းနှင့်အသင်းအဖွဲ့ဆိုင်ရာဝန်ဆောင်မှုပေးသူများက အဂတိလိုက်စားမှု၊ ရာဇဝတ်မှုများနှင့် ဆက်နွှယ်နေသောစည်းစိမ်ဥစ္စာများကို ရွှေ့ပြောင်းရန်နှင့် ဖုံးကွယ်ရန် မည်သို့ကူညီပေးခဲ့သည်ကို ဖော်ထုတ်နိုင်ခဲ့သည်။
- ဆယ်စုနှစ်တစ်ခုအကြာတွင် ရရှိလာခဲ့သည့် တိုးတက်မှုအချို့မှာ နိုင်ငံအများအပြားတွင် အကျိုးအမြတ်ခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ မှတ်ပုံတင်များ(Beneficial Ownership Registers)ထားရှိရန် ဥပဒေအရ တောင်းဆိုလာကြပြီး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး စည်းမျဉ်းများကို တင်းကျပ်လာကာ အဓိကတရားခံဖြစ်သော Mossack Fonseca ဥပဒေရေးရာအကျိုးဆောင် ကုမ္ပဏီအား ပိတ်သိမ်းသွားခဲ့ပါသည်။

- သို့သော်လည်း အဓိကကယ်ပေါက်ကြီးများ ကျန်ရှိနေဆဲဖြစ်ပြီး တရားမဝင်ရရှိထားသည့် ငွေမည်းများကို ဘေးကင်းအောင် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် ပြိုင်ဘက်ဘဏ္ဍာရေး လောက (Parallel Financial World) တစ်ခုမှတစ်ဆင့် အဂတိလိုက်စားမှုများ ဆက်လက်ကြီးထွားနေပြီး ပုန်းလျှိုးကွယ်လျှိုးစနစ်တွင် ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။
- Transparency International အနေဖြင့် အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်သည့် ပိုင်ဆိုင်မှုဆိုင်ရာအချက်အလက်များ၊ ပိုမိုတင်းကျပ်သောဥပဒေစိုးမိုးရေး၊ ပိုမိုတင်းကျပ်သော စည်းမျဉ်းများ၊ တရားဝင်စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်အတွင်းသို့ မသမာသည့် ငွေကြေးများ၊ ရာဇဝတ်မှုနှင့်ဆက်စပ်နေသည့် ကိစ္စများအား မဝင်လာနိုင်စေရန် "တံခါးစောင့်" (Gatekeeper) သဖွယ် ကာကွယ်တားဆီးပေးသည့် ပရော်ဖက်ရှင်နယ်ကျွမ်းကျင်ပညာရှင် ကဏ္ဍများကိုပိုမိုပြင်းထန်စွာ စည်းကမ်းကြပ်မတ်ခြင်း၊ တရားမဝင်ပိုင်ဆိုင်မှုများ ပြန်လည်ရယူနိုင်မှု ပိုမိုကောင်းမွန်လာစေခြင်းနှင့်စစ်မှန်သော နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်တွန်းအားပေးလျက်ရှိသည်။
- ၂၀၁၆ ခုနှစ်တွင် ပနားမားစာရွက်စာတမ်းများသည် လျှို့ဝှက်ချက်များဖြင့်လည်ပတ်နေသော ဘဏ္ဍာရေးစနစ်တစ်ခု၏ ကန့်လန့်ကာကို ဖွင့်ချလိုက်သည်။

အပြည်ပြည်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေး ဂျာနယ်လစ်များအဖွဲ့ (ICIJ) သည် Süddeutsche Zeitung နှင့် မီဒီယာမိတ်ဖက် ၁၀၀ ကျော်တို့နှင့်ပူးပေါင်းကာ ဥပဒေရေးရာအကျိုးဆောင်ကုမ္ပဏီ Mossack Fonseca ထံမှပေါက်ကြားလာသော စာရွက်စာတမ်းပေါင်း ၁၁.၅ သန်းကို ခွဲခြမ်းစိတ်ဖြာခဲ့သည်။ ထိုစုံစမ်းစစ်ဆေးမှုက စည်းစိမ်ဥစ္စာများဖုံးကွယ်ရန်၊ ပိုင်ဆိုင်မှုများကို

ဖျောက်ဖျက်ရန်နှင့် များစွာသော အခြေအနေများတွင် အဂတိလိုက်စားမှုနှင့် ရာဇဝတ်မှုများကို အားပေးကူညီရန်အတွက် အမည်မသိ လိပ်စာခံကုမ္ပဏီများ (Anonymous Shell Companies) နှင့် ကမ်းလွန်အကောင့် (Offshore Accounts) များကို မည်သို့ အသုံးပြုခဲ့ကြသည်ကို ထင်ရှားစေခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ဖော်ထုတ်နိုင်မှုအဆင့်၊ စနစ်အတွင်း ရွှေ့ပြောင်းခဲ့သည့် ကြီးမားလှသော ငွေကြေးပမာဏနှင့် ၎င်း၏ကျယ်ပြန့်လှသော ပထဝီဝင် အနေအထားတို့သည် တစ်ခါမျှမရှိဖူးသေးသော အခြေအနေဖြစ်ပြီး၊ ပထမဆုံးသော နောက်ဆက်တွဲ အကျိုးဆက်များသည်လည်း ချက်ချင်းဆိုသလို ပေါ်ထွက်လာခဲ့သည်။

အိုက်စလန်နိုင်ငံဝန်ကြီးချုပ် ဆစ်ဂ်မွန်ဒါ ဒါးဗစ် ဂွန်လောက်ဆန် (Sigmundur Davíð Gunnlaugsson) သည် ကမ်းလွန်ကုမ္ပဏီတစ်ခုနှင့် ဆက်နွယ်မှုရှိကြောင်းပေါ်ပေါက်ပြီးနောက်ရက်ပိုင်းအတွင်းရာထူးမှနုတ်ထွက်ခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ် (Nawaz Sharif) သည်လည်း အဆိုပါပေါက်ကြားမှုကြောင့် ပေါ်ပေါက်လာသော စုံစမ်းစစ်ဆေးမှုများ အပြီးတွင် ရာထူးနှင့် မထိုက်တန်ကြောင်း ကြေညာခြင်းခံခဲ့ရသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ လူယုံများနှင့် ဆက်နွယ် နေသည်ဟူသော ကြီးမားလှသည့် လျှို့ဝှက်ဘဏ္ဍာရေးကွန်ရက်ကြီးများကို ဖော်ထုတ်နိုင်ခဲ့သည့် အပြင် တရုတ်၊ ယူကရိန်းနှင့် လက်တင်အမေရိကတစ်လွှားရှိ အာဏာစက်နှင့်နီးစပ်သူများ၏ အမည်များလည်း ပါဝင်ခဲ့သည်။

ကမ္ဘာကြီးကို တုန်လှုပ်စေခဲ့သည်မှာ မည်သူမည်ဝါ ပါဝင်ပတ်သက်နေသလဲ ဆိုသည်သာမက၊ ယင်းကိစ္စရပ်များက မည်မျှအထိ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုကဲ့သို့ ဖြစ်ပျက်နေသလဲဆိုသည့် အချက်ပင်ဖြစ်သည်။ အမည်မသိ လိပ်စာခံကုမ္ပဏီများ၊ နာမည်ခံဒါရိုက်တာများနှင့် ရှုပ်ထွေးသော ကမ်းလွန်တည်ဆောက်ပုံများသည် တစ်မူထူးခြားသော ကိရိယာများ မဟုတ်ဘဲ

အနည်းဆုံးသော စစ်ဆေးမှုဖြင့်သာ လည်ပတ်နေသည့် ပြိုင်ဘက်ဘဏ္ဍာရေး စနစ် တစ်ခုအတွင်းရှိ စံပြလုပ်ထုံးလုပ်နည်းများ ဖြစ်နေခဲ့သည်။

## ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ- အစပျိုးလာသော ဂယ်ပေါက်များ

ထိုအချိန်က ဘဏ္ဍာရေးလျှို့ဝှက်ချက်များ ထားရှိသည့်ခေတ်သည် နောက်ဆုံးတွင် အဆုံးသတ်တော့မည်ဟု ထင်မှတ်ခဲ့ကြသည်။ အစိုးရအများ အပြားက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လျင်မြန်စွာ ကတိကဝတ် ပြုခဲ့ ကြပြီး ထိုကတိကဝတ်များသည် စာရွက်ပေါ်တွင်သာ အလွန်ကြီးကျယ်ပြီး အသွင်ကူးပြောင်းနိုင်စွမ်း ရှိခဲ့သည်။

## ပိုင်ရှင်အစစ်အမှန်ကို ဖော်ထုတ်ခြင်း

အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံများ၏ နောက်ကွယ်မှအစစ်အမှန် သို့မဟုတ် "အကျိုးအမြတ် ခံစားခွင့်ရှိသူ" ပိုင်ရှင်များ(Beneficial Owners)ကို ဖော်ထုတ်ပေးမည့် မှတ်ပုံတင်စနစ်များကို မိတ်ဆက်ခြင်းဖြင့် အမည် မသိ ကုမ္ပဏီများကို အဆုံးသတ်ရန် ကတိပြုခဲ့ကြသည်။ The United Kingdom (UK)သည် အများပြည်သူသိရှိနိုင်သော မှတ်ပုံတင်စနစ် တစ်ခုကို စတင် အကောင်အထည်ဖော်ရန် ပထမဆုံးဆောင်ရွက်ခဲ့ပြီး ဥရောပသမဂ္ဂ (EU) အဖွဲ့ကလည်း အဖွဲ့ဝင်နိုင်ငံများကြား ပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုကို ထည့်သွင်းရန် ကတိပြုခဲ့သည်။

- **ဘဏ္ဍာရေးလျှို့ဝှက်ချက်များကို နှိမ်နင်းခြင်း။** G20 နှင့် OECD တို့က အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက် ဖလှယ်မှု ဆိုင်ရာ ပိုမိုပြင်းထန်သော အရေးယူဆောင်ရွက်မှုများကို ပြသခဲ့ကြပြီး၊ ပြင်သစ်နှင့် ဂျာမနီကဲ့သို့သော နိုင်ငံများကလည်း ပူးပေါင်း ဆောင်ရွက်မှု ဆိုင်ရာ ဥရောပအဆင့် အစီအမံများအတွက် တွန်းအားပေးခဲ့ကြသည်။

- **ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အားကောင်းလာခြင်း။** နောက်ပိုင်းနှစ်များတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး မူဘောင်များကို တင်းကျပ်ခဲ့သည်။ ဥရောပသမဂ္ဂ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ညွှန်ကြားချက်များသည် သေချာစွာစိစစ်ရမည့် လိုအပ်ချက်များကို တိုးမြှင့်ခဲ့ပြီး၊ ကနေဒါနှင့်ဩစတြေးလျတို့သည် ဘဏ္ဍာရေးစီးဆင်းမှုများနှင့် အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံများကို ကြီးကြပ်ကွပ်ကဲမှု အားကောင်းစေရန် ခြေလှမ်းများ စတင်ခဲ့ကြသည်။
- **ကျွမ်းကျင်ပညာရှင်များကို စိစစ်ခြင်း။** အမေရိကန်နိုင်ငံ၊ ယူကေနှင့် အခြားနိုင်ငံများက ကမ်းလွန်တည်ဆောက်ပုံများကို ဒီဇိုင်းဆွဲပြီး စီမံခန့်ခွဲပေးနေသည့် ရှေ့နေများ၊ စာရင်းကိုင်များနှင့် ကုမ္ပဏီဝန်ဆောင်မှုပေးသူများကဲ့သို့သော ကျွမ်းကျင်ပညာရှင်များအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရားများအား သက်တမ်းတိုးသတ်မှတ်ရန် ထောက်ခံခဲ့ကြသည်။
- **အိမ်ခြံမြေဈေးကွက်ကို စောင့်ကြည့်ခြင်း။** The United Kingdom (UK) သည် အိမ်ခြံမြေပိုင်ဆိုင်သည့် ပြည်ပအဖွဲ့အစည်းများ၏ မှတ်ပုံတင်စနစ်ကို မိတ်ဆက်ရန် ကတိပြုခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင်မူ လက်ငင်းငွေသားဖြင့် အိမ်ခြံမြေဝယ်ယူမှု အချို့အတွက် အကျိုးအမြတ် ခံစားခွင့်ရှိသူ ပိုင်ရှင်အချက်အလက်ကို အစီရင်ခံရန် လိုအပ်သည့် စည်းမျဉ်းတစ်ခုကို မိတ်ဆက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗန်ကူးဗားကဲ့သို့သော မြို့ကြီးများသည် တရားမဝင် ရန်ပုံငွေများကို ခဝါချရာတွင် အိမ်ခြံမြေကဏ္ဍ၏ အခန်းကဏ္ဍကို စတင်စုံစမ်းစစ်ဆေးခဲ့သည်။
- **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု။** ပူးတွဲစုံစမ်းစစ်ဆေးရေး အဖွဲ့များနှင့်နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် မျှဝေခြင်းများကို ပိုမိုညှိနှိုင်းဆောင်ရွက်သည့် တုံ့ပြန်မှုတစ်ခုအဖြစ် တင်ပြခဲ့ကြသည်။

**ပနားမားစာရွက်စာတမ်းများက တစ်စုံတစ်ရာ ပြောင်းလဲနိုင်ခဲ့သလား။**

ဆယ်စုနှစ်တစ်ခုအကြာတွင် တိုးတက်မှုအချို့ ရှိခဲ့သော်လည်း ယင်းမှာ တည်မြဲမှုမရှိဘဲ မကြာခဏ ပျက်ပြယ်လွယ်သော အခြေအနေတွင် ရှိနေသည်။ အကျိုးအမြတ်ခံစားခွင့်ရှိသူ ပိုင်ဆိုင်မှု ပွင့်လင်းမြင်သာမှု (Beneficial Ownership Transparency)သည် သီးခြားဆန်းသစ်သော အယူအဆ တစ်ခုမဟုတ်တော့ပါ။ ပနားမားစာရွက်စာတမ်းများပေါက်ကြားပြီး နောက်ပိုင်း နှစ်များတွင် ဥရောပသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများအား အများပြည်သူ လက်လှမ်းမီနိုင်သော ပိုင်ရှင်မှတ်ပုံတင်စနစ်များ ထူထောင်ရန် တောင်းဆို ခဲ့သည်။ ဥရောပအပြင် ဘက်တွင်လည်း နိုင်ဂျီးရီးယား နိုင်ငံသည် အာဖရိကတွင် အဆင့်မြင့်ဆုံး မှတ်ပုံတင်စနစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသည် ကုမ္ပဏီများ၏ အစစ်အမှန်ပိုင်ရှင်များကို ထုတ်ဖော် ပြောကြားရန် လိုအပ်သည့် စည်းမျဉ်းများကို မိတ်ဆက်ခဲ့သည်။

အဓိကစီးပွားရေး နိုင်ငံကြီးများတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး စည်းမျဉ်းများသည် အနည်းဆုံးအနေဖြင့် စာရွက်ပေါ်တွင်သာ တင်းကျပ်လာ ခဲ့သည်။ ဥရောပသမဂ္ဂ (EU) အနေဖြင့် ၎င်း၏ ညွှန်ကြားချက်များကို တိုးချဲ့ လုပ်ဆောင်လာပြီး ဗဟိုချုပ်ကိုင်မှုရှိသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့တစ်ခုကို တည်ထောင်ရန် ခြေလှမ်းလှမ်းလာခဲ့သည်။ တစ်ချိန်တည်းမှာပင် The United Kingdom(UK)ကလည်း ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများအပေါ် ကြီးကြပ်ကွပ်ကဲမှုများကို ပိုမိုအားကောင်းအောင် လုပ်ဆောင်သွားမည်ဟု ကတိပြုထားပါသည်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်ပေါင်းများစွာကြာအောင် အမည် မဖော်ပြသော ကုမ္ပဏီများစုဝေးရာ အချက်အချာနေရာ ဖြစ်ခဲ့ပြီးနောက်၊ ၂၀၂၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အသင်းအဖွဲ့ဆိုင်ရာ ပွင့်လင်းမြင်သာမှု အက်ဥပဒေ (Corporate Transparency Act) အရ ကုမ္ပဏီများအနေဖြင့်

၎င်းတို့၏ အစစ်အမှန်ပိုင်ရှင်များကို မဖြစ်မနေ ထုတ်ဖော်ကြေညာရန် သတ်မှတ်ပေးခဲ့ပြီး ယင်းမှာ အချိန်ကြာမြင့်စွာ ကတည်းက ပြောင်းလဲသင့်နေပြီဖြစ်သော အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့သည်။ အတိုင်းအတာတစ်ခုအထိ အရေးယူဆောင်ရွက်မှုများလည်း ရှိခဲ့သည်။ ပါကစ္စတန်တွင် နာဝက်ဇ်ရှာရစ်ဖ် ရာထူးမှဖယ်ရှားခံရခြင်းသည် အထင်ရှားဆုံးသော နိုင်ငံရေးနောက်ဆက်တွဲတစ်ခုဖြစ်သည်။ စပိန်၊ ဂျာမနီနှင့် ပြင်သစ်ကဲ့သို့သော နိုင်ငံများရှိ အာဏာပိုင်များသည် အခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ခဲ့ပြီး ကမ်းလွန်ပိုင်ဆိုင်မှုများနှင့် ဆက်နွယ်နေသည့် အခွန်ဝင်ငွေအချို့ကို ပြန်လည်ရယူ နိုင်ခဲ့သည်။ နိုင်ငံသားဖြစ်ခွင့် အရောင်းအဝယ်ပြုလုပ်သည့် "ရွှေနိုင်ငံကူး လက်မှတ်" (Golden Passport) စီမံကိန်းများကို ဥရောပသမဂ္ဂ (EU) က ထိရောက်စွာ ပိတ်သိမ်းလိုက်ပြီ ဖြစ်ပြီး၊ ဤလုပ်ငန်းစဉ်ကို နောက်ဆုံးပိတ် လုပ်ဆောင်နေသေးသည့် မော်လ်တာနိုင်ငံသည်လည်း ၂၀၂၅ ခုနှစ် တရားရုံးစီရင်ချက် တစ်ခုကြောင့် ၎င်း၏ စီမံကိန်းကို ရပ်ဆိုင်းခဲ့ရသည်။ အရှုပ်တော်ပုံ၏ ဗဟိုချက်မဖြစ်သော Mossack Fonseca ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာစုံစမ်းစစ်ဆေးမှုများနှင့် ဥပဒေကြောင်းအရ ဖိအားပေးမှုများကြောင့် ၂၀၁၈ ခုနှစ်တွင် ပိတ်သိမ်းခဲ့ရသည်။ ပနားမားစာရွက်စာတမ်းများ (Panama Papers)သည် တရားဝင်ပြုပြင်ပြောင်းလဲမှုများအပြင် ပြည်သူလူထု၏ သတိပြုမိမှုကိုလည်း ပုံစံအသစ်ဖြင့် ပြောင်းလဲပေးခဲ့သည်။

ယခုအခါ ပြည်ပအခြေစိုက် လျှို့ဝှက်ဘဏ္ဍာရေးစနစ် (Offshore secrecy) သည် လူနည်းစုသာ စိတ်ဝင်စားသည့် ကိစ္စရပ်တစ်ခုမဟုတ်ဘဲ စနစ်တစ်ခုလုံး၏ ပြဿနာ တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာကြသည်။ ယင်းအခြေအနေကို ကူညီပံ့ပိုးပေးသူများ၏ အခန်းကဏ္ဍသည်လည်း ပင်မမူဝါဒရေးရာ အချေအတင် ဆွေးနွေးမှုများထဲသို့ ရောက်ရှိ

လာခဲ့ပြီး၊ စုံစမ်းထောက်လှမ်းရေး ဂျာနယ်လစ်ဇင်သည် Paradise Papers မှသည် Pandora Papers အထိ အလားတူ လျှို့ဝှက်အစီအစဉ်များကို ဆက်လက်ဖော်ထုတ် လျက်ရှိသည်။ သို့သော်လည်း ဤရရှိလာသော အောင်မြင်မှုများသည် တစ်စိတ်တစ်ပိုင်းသာ ရှိပါသေးသည်။

**အမည်မသိ လိပ်စာခံကုမ္ပဏီများ။** ရှင်သန်နေဆဲစနစ်ကြီး ပြုပြင်ပြောင်းလဲမှုများ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ရှိလာခဲ့သော်လည်း၊ ပြည်ပအခြေစိုက် လျှို့ဝှက်ဘဏ္ဍာရေးစနစ် (Offshore secrecy) ၏ အခြေခံကျသော ဖွဲ့စည်း တည်ဆောက်ပုံ ယန္တရားကြီးမှာမူ ပျက်ပြားမသွားဘဲ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ အမည်မသိ ပိုင်ဆိုင်မှုများသည် ပျောက်ကွယ်မသွားဘဲ အခြားနေရာသို့သာ ရွှေ့ပြောင်းသွားခြင်း ဖြစ်သည်။ အချို့နိုင်ငံများသည် (ပိုင်ရှင်အစစ်အမှန် စာရင်းပြုစု သည့်) မှတ်ပုံတင်စနစ်များကို စတင်မိတ်ဆက်လာကြသော်လည်း၊ အခြားနိုင်ငံအချို့ကမူ ယင်းကို ငြင်းဆန်ကန့်ကွက်ခြင်း သို့မဟုတ် အားနည်းသော စနစ်များကိုသာ တည်ဆောက်ခြင်းတို့ လုပ်ဆောင်ခဲ့ကြသည်။ စနစ်များရှိနှင့်ပြီးသား နေရာများတွင်ပင် ဟာကွက်များ ရှိနေဆဲဖြစ်သည်။ လက်ရှိ အမေရိကန် အစိုးရလက်ထက်တွင် ဥပဒေကြောင်းအရ စိန်ခေါ်မှုများကြောင့် ကြန့်ကြာမှုများနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ စည်းမျဉ်းများ လျှော့ချခံရမှုတို့ကြောင့် အသင်းအဖွဲ့ဆိုင်ရာ ပွင့်လင်းမြင်သာမှု အက်ဥပဒေ (Corporate Transparency Act) ၏ ထိရောက်မှုကို အမှန်တကယ်ပင် အားနည်းသွားစေခဲ့သည်။

လျှို့ဝှက်ဘဏ္ဍာရေးစနစ် ကျင့်သုံးသည့် နယ်မြေများနှင့် အခွန်ရှောင်ရာနိုင်ငံများ(Tax havens)သည် ထိရောက်သော ကန့်သတ်ချုပ်ချယ်မှု အနည်းငယ်မျှဖြင့်သာ ဆက်လက်လည်ပတ်နေကြဆဲ ဖြစ်သည်။ ကာရစ်

ဘီယံဒေသရှိ ရိုးရာအစဉ်အလာ ပြည်ပအခြေစိုက် အချက်အချာနေရာများသည် အမည်ဝှက်ထားနိုင်မှုကို ကူညီပံ့ပိုးပေးသည့် ဥပဒေကြောင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ ဖွဲ့စည်းပုံများကို ယနေ့တိုင် ပံ့ပိုးပေးနေဆဲဖြစ်ပြီး၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဗဟိုချက်များသည်လည်း ကွယ်ဝှက်ထားသော ငွေကြေးစီးဆင်းမှုများကို လွယ်ကူချောမွေ့အောင် ကူညီပေးနေကြောင်း ထပ်ခါတလဲလဲ ဖော်ထုတ်ခြင်း ခံထားရသည်။ ဤပြတ်ဝန်းကျင် အခြေအနေများ စုပေါင်းလိုက်သောအခါ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြားရှိနေသော စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဟာကွက်များကို အသုံးချ၍ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံဖြတ်ကျော်ငွေကြေးများကို အဆင်ပြေ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ရန် အခွင့်အလမ်းရရှိသွားစေသည်။ ဂိတ်စောင့်သဖွယ်ဆောင်ရွက်ပေးရသောပရော်ဖက်ရှင်နယ်လုပ်ငန်းကဏ္ဍများ (Gatekeeper professions) သည် အရေးကြီးသောအားနည်းချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိ နေဆဲဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများ တိုးမြှင့်ချမှတ်လာသော်လည်း ဥပဒေသက်ရောက်မှုမရှိသည့် ဟာကွက်များရှိနေ သေးသည့်အပြင်၊ ကြီးကြပ်ကွပ်ကဲမှု များသည်လည်း ထိရောက်မှုမရှိဘဲ ငွေကြေးခဝတ်ဖျက်မှုကို ကူညီပံ့ပိုးပေးခြင်းအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစေခြင်းမှာ အလွန်ရှားပါးသည်။ ကမ္ဘာတစ်ဝန်းတွင် ရှေ့နေများသည် ဘဏ္ဍာရေးနှင့် ကော်ပိုရိတ်ဆိုင်ရာ ဝန်ဆောင်မှုများကို ပေးဆောင်သည့်အခါ ငွေကြေးခဝတ်ဖျက်မှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ၏ အပြည့်အဝ သက်ရောက်မှုရှိသော နယ်ပယ်ပြင်ပတွင်သာ ရှိနေလေ့ရှိသည်။

အိမ်ခြံမြေဈေးကွက်သည်လည်း တရားမဝင် စည်းစိမ်ဥစ္စာများအတွက် အဓိက လမ်းကြောင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ လန်ဒန်နှင့်

ဗန်ကူးဗားကဲ့သို့သော မြို့ကြီးများတွင် စုံစမ်းစစ်ဆေးမှုများအရ အိမ်ခြံမြေကဏ္ဍသည် ပွင့်လင်းမြင်သာမှုမရှိသော ရင်းနှီးမြှုပ်နှံမှုများကို ကာလရှည်ကြာဆွဲဆောင်နေခဲ့ကြောင်း ပြသနေသည်။ ယူကေ၏ ပြည်ပပိုင်ဆိုင်မှုမှတ်ပုံတင်စနစ်သည် တိုးတက်မှုကိုပြသခဲ့သော်လည်း အခြားအဓိကဈေးကွက်များတွင် အလားတူအစီအမံများ ကင်းမဲ့နေဆဲဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International)နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အချက်အလက်စုစည်းမှုအဖွဲ့ (Anti-Corruption Data Collective -ACDC) တို့ မကြာသေးမီကပူးတွဲထုတ်ပြန်သည့် “အိမ်ခြံမြေ ပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုမရှိသည့် ညွှန်းကိန်း” (Opacity in Real Estate Ownership Index) သည် ပြဿနာ၏ ကျယ်ပြန့်ကြီးမားမှုကို မီးမောင်းထိုးပြထားပြီး၊ နိုင်ငံနှင့် နယ်မြေအများအပြားတွင် အားနည်းသောပွင့်လင်းမြင်သာမှုများနှင့် ဥပဒေဟာကွက်များကြောင့် တရားမဝင်ငွေကြေးများသည် စစ်ဆေးမှု အနည်းငယ်မျှဖြင့် အိမ်ခြံမြေကဏ္ဍအတွင်းသို့ ဆက်လက်စီးဝင်နိုင်ဆဲဖြစ်ကြောင်း ဖော်ပြနေသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အပိုင်းတွင်မူ ညီညွတ်မျှတမှုမရှိသေးဘဲ ဆက်လက်တည်ရှိနေသည်။ လူသိများထင်ရှားသော နိုင်ငံဖြတ်ကျော်အမှုများသည် ကြန့်ကြာမှုများ၊ ဥပဒေကြောင်းအရ အတားအဆီးများ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် မကြာခဏ ရင်ဆိုင်နေရသည်။ အထူးသဖြင့် ဝင်ငွေနည်းသောနိုင်ငံများရှိ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial intelligence units) များသည် ကန့်သတ်ထားသော ရင်းမြစ်များနှင့် အချက်အလက်ရယူနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ဆက်လက်ရုန်းကန်နေရဆဲ ဖြစ်သည်။

## ပနားမားစာရွက်စာတမ်းများ ၂၀၂၆ - မည်သည့်အရာများ ဆက်လက်ပြောင်းလဲရန် လိုအပ်သနည်း

ဆယ်စုနှစ်တစ်ခု ကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း ပေးထားသော ကတိများနှင့် လက်တွေ့အကောင် အထည်ဖော်မှုအကြား ကွာဟချက်ကို ကျဉ်းမြောင်းရန်အတွက် ပိုမိုနက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေသည်။ အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်နေသည့် ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံရေးအရ အကျိုးဆက်များ ရင်ဆိုင်ရုံမျှမကဘဲ ဥပဒေကြောင်းအရ အပြစ်ပေးအရေးယူမှုများကိုပါ မဖြစ်မနေ ရင်ဆိုင်ရမည်ဖြစ်သည်။ (ပါကစ္စတန်တရားရုံးချုပ်၏ ၂၀၂၃ ခုနှစ် ဆုံးဖြတ်ချက် တစ်ခုက နဝပ်ရှာရစ်ဖ် အပေါ် ချမှတ်ထားသည့် ပနားမားစီရင်ချက်ကို ပယ်ဖျက်ပေးခဲ့သော်လည်း) ယင်းကဲ့သို့ အရေးယူနိုင်ကြောင်း ပါကစ္စတန်နိုင်ငံက သက်သေပြခဲ့ဖူးသည်။ ဝန်ဆောင်မှုပေးသူများ အနေဖြင့် တရားမဝင်ခနေဥစ္စာများကို လွှဲပြောင်းနိုင်ခွင့် ပေးထားဆဲဖြစ်သည့် ဥပဒေဟာကွက်များကို ပိတ်ဆို့နိုင်ရန် စည်းမျဉ်းစည်းကမ်းများကို ယခုအခါ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

တရားမဝင် ငွေကြေးစီးဆင်းမှုများကို ကူညီပံ့ပိုးပေးသူများကိုလည်း တာဝန်ခံမှု ရှိစေရမည်ဖြစ်ပြီး အကျင့်ပျက်ခြစားမှုကို အမှန်တကယ် ဟန့်တားနိုင်မည့် ပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ခိုးယူခံထားရသည့် ခနေဥစ္စာများကို ပြည်သူလူထုထံ ပြန်လည် ပေးအပ်နိုင်ရေးအတွက် သိမ်းဆည်းရမိသော ပိုင်ဆိုင်မှုများ ပြန်လည်ရယူခြင်း လုပ်ငန်းစဉ် (Asset recovery) ကိုလည်း ပိုမိုတိုးမြှင့်လုပ်ဆောင် ရမည်ဖြစ်သည်။ အခြေခံတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို (ခေတ်စနစ်နှင့်အညီ) အမီလိုက်နိုင်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ကုမ္ပဏီများနှင့် ယုံကြည်အပ်နှံမှုဆိုင်ရာ ပိုင်ဆိုင်မှုများ(Corporate and trust ownership)တွင်

ပွင့်လင်းမြင်သာမှုရှိစေရေးကို လက်တွေ့နယ်ပယ်၌ သေချာစွာ အာမခံချက် ပေးရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပြည်သူ့စောင့်ကြည့်ရေး အဖွဲ့ (Public watchdogs) များအနေဖြင့် အဆိုပါ အချက်အလက်များကို လွယ်ကူစွာ ရယူအသုံးပြုနိုင်ရမည်ဖြစ်သည်။ တရားမဝင် ဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို စည်းမျဉ်းစည်းကမ်း အားနည်းသော နေရာများသို့ ရွှေ့ပြောင်းနိုင်ခြင်း မရှိတော့စေရန် နိုင်ငံနှင့် နယ်မြေအသီးသီး အကြား ရှိနေသော ဥပဒေဟာကွက် များကို ပိတ်ဆို့ရမည် ဖြစ်သည်။ ထို့ပြင် အိမ်ခြံမြေဈေးကွက်များကိုလည်း ကမ္ဘာတစ်ဝန်းလုံးရှိ ပွင့်လင်း မြင်သာမှု ဆိုင်ရာ မူဘောင်များအတွင်းသို့ အပြည့်အဝ ထည့်သွင်းရမည်ဖြစ်သည်။

ပိုမိုတင်းကျပ်သော ငွေကြေးခဝါချမှု တိုက်ဖျက်ရေး စည်းမျဉ်းများ သည် လက်တွေ့အကောင် အထည်ဖော်မှုမရှိပါက အဓိပ္ပာယ်မဲ့နေလိမ့်မည် ဖြစ်ရာ ငွေကြေးဆိုင်ရာထောက်လှမ်းရေးအဖွဲ့များ အရေးယူဆောင်ရွက်နိုင် ရန်အတွက် အရင်းအမြစ်များ၊ အချက်အလက်များနှင့် ပူးပေါင်း ညှိနှိုင်းမှုများ လိုအပ်ပါသည်။ အမှုအခင်းများ၏ နိုင်ငံဖြတ်ကျော် ဖြစ်ပွားတတ်သော သဘောသဘာဝအရ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် နှုတ်ကတိ စကားများအဆင့်မှသည် လက်တွေ့ကျပြီး ဟန်ချက်ညီသော ပူးပေါင်း ဆောင်ရွက်မှုများဆီသို့ ကူးပြောင်းရမည်ဖြစ်သည်။

ပနားမားစာရွက်စာတမ်းများ (Panama Papers) သည် အပြောင်း အလဲအချို့ ဖြစ်ပေါ်လာအောင် တွန်းအားပေးနိုင်ခဲ့သော်လည်း၊ ယင်းစာရွက် စာတမ်းများကြောင့် ဖော်ထုတ်နိုင်ခဲ့သည့် စနစ်ပိုင်းဆိုင်ရာ ပြဿနာအများ အပြားမှာ ယနေ့တိုင် ရှိနေဆဲဖြစ်သည်။ ယင်း၏ ရလဒ်မှာ ရှင်းလင်းပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားလှပေသည်။ စီးပွားရေးစနစ်များသည် တရားမဝင် စီးပွားရေးစနစ်တစ်ခုကို ဆက်လက်ပံ့ပိုး ပေးနေဆဲဖြစ်ပြီး ၎င်းက ပြည်သူ့

ဘတ်ဂျက်များ၊ အဖွဲ့အစည်းများနှင့် လူသားတို့၏အနာဂတ်ကို တဖြည်းဖြည်း ကိုက်ခဲဝါးမြို ဖျက်ဆီးလျက်ရှိသည်။

အရေးကြီးဆုံးအချက်မှာ အဘယ်အရာများ ဖြစ်ပျက်လာရန် လိုအပ်သနည်းဆိုသည့် မေးခွန်းမဟုတ်တော့ဘဲ အစိုးရများအနေဖြင့် လက်တွေ့အဆုံးထိ အကောင်အထည်ဖော်ရန် ဆန္ဒရှိမရှိ ဆိုသည့်အချက်သာဖြစ်သည်။ တရားမဝင် ခနဉ္စာများ ဖန်တီးခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် သိုလှောင်ခြင်းတို့တွင် ပါဝင်ပတ်သက်နေသည့် ငွေကြေးဗဟိုချက်များနှင့် နိုင်ငံ/နယ်မြေများကို စုစည်းပေးမည့် (ဇွန်လတွင် ကျင်းပရန် မူလက လျာထားခဲ့သော်လည်း ၂၀၂၆ ခုနှစ် ဒီဇင်ဘာလသို့ ရွှေ့ဆိုင်း ထားသည့်) ယူကေ တရားမဝင် ဘဏ္ဍာရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး (UK Illicit Finance Summit) သည် အကျင့်ပျက်ခြစားသူများနှင့် ရာဇဝတ်ကောင်များ အသုံးချနေကြသည့် စနစ်ပိုင်းဆိုင်ရာ အားနည်းချက်များကို ပူးပေါင်းနှိမ်နင်းရန် တက်ရောက် လာသူများအတွက် အရေးပါသော အခွင့်အလမ်းတစ်ရပ်ကို ပံ့ပိုးပေးမည်ဖြစ်သည်။ ရှင်းလင်းပြတ်သားသော အကောင်အထည်ဖော်မှု ကတိကဝတ်များနှင့် နောက်ဆက်တွဲ အစီအစဉ်များ ရှိကြသည့် အမြင်တူညီသောနိုင်ငံများပူးပေါင်းအဖွဲ့၏ ရည်မှန်းချက်ကြီးမားသော လုပ်ဆောင်ချက်များသည် ယခုအချိန်အထိ ထူးခြားမှုများ ဆောင်ကြဉ်းပေးနိုင်ဆဲဖြစ်ပြီး၊ ဒုစရိုက်နှင့် အဂတိလိုက်စားမှုဖြစ်စေသော ခနဉ္စာများကို ပူးတွဲတိုက်ဖျက်ရန် လက်တွေ့ကျသည့် စံနမူနာကောင်းတစ်ခုကိုလည်း ထူထောင်ပေးနိုင် မည်ဖြစ်သည်။ ပနားမားစာရွက်စာတမ်းများ (Panama Papers) ပေါက်ကြားခဲ့သည့် နှစ်ပတ်လည်နေ့သည် အဂတိလိုက်စားမှုနှင့် ရာဇဝတ်မှုများမှ ရရှိလာသော တရားမဝင် ခနဉ္စာများကို ကွယ်ဝှက်ရန် အသုံးပြုသည့် ကွန်ရက်များနှင့် နည်းဗျူဟာများသည် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာဖြင့် ချိတ်ဆက်နေကြခြင်းဖြစ်ပြီး၊ ယင်းကို နှိမ်နင်းရန်အတွက် နိုင်ငံနှင့် နယ်မြေ

အများအပြား (Critical mass) စုပေါင်းထားသည့် ဟန်ချက်ညီသော တုံ့ပြန်ဆောင်ရွက်မှုတစ်ခု မဖြစ်မနေလိုအပ်ကြောင်း အချိန်ကိုက် သတိပေးချက်တစ်ခုပင်ဖြစ်သည်။

Source-https://www.transparency.org/en/news/panama-papers-10-years

ဘာသာပြန်သူ
ဒေါ်နှင်းနန္ဒာစိုး
ဒုတိယညွှန်ကြားရေးမှူး

***********............**********

**စပိန်ဝန်ကြီးချုပ် ဆန်းချက်ဇ်၏နိုင်ငံရေး အနာဂတ်ကို ခြိမ်းခြောက်နေသော အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများ**



ဇွန် (၁) ရက်နေ့သည် စပိန်ဝန်ကြီးချုပ် Pedro Sppa'nchez အာဏာရရှိခဲ့သည်မှာ ၈ နှစ်တိတိ ပြည့်မြောက်သည့်နေ့ ဖြစ်သော်လည်း လက်ရှိတွင် သူ၏အစိုးရနှင့် ဆိုရှယ်လစ်ပါတီသည် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများစွာဖြင့် ရင်ဆိုင်နေရသဖြင့် အောင်ပွဲခံရမည့်အစား နိုင်ငံရေးအရ ရှင်သန်ရပ်တည်နိုင်ရေးကိုသာ စဉ်းစားနေရသည်ဟု သုံးသပ်ကြသည်။ ၎င်း၏ညီဖြစ်သူ ဂီတပညာရှင် David Sa'nchez သည် ဩဇာလွှမ်းမိုးအသုံးချမှု (influence peddling) စွပ်စွဲချက်ဖြင့် တရားရင်ဆိုင်နေရပြီး ယခင် စပိန်ဝန်ကြီးချုပ် Jose' Liis Rodri'guez Zapatero သည် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုတွင်

အမည်ပါဝင် လာခဲ့သည်။ Zaperoသည် S'anchez၏ အနီးကပ် မဟာမိတ် တစ်ဦးလည်း ဖြစ်သည်။

တစ်ဖက်တွင်လည်း ရဲတပ်ဖွဲ့က မက်ဒရစ်မြို့ရှိ ဆိုရှယ်လစ်ပါတီ ဌာနချုပ်ကို ဝင်ရောက်ရှာဖွေခဲ့ပြီး အတိုက်အခံပါတီက 'ဆိုရှယ်လစ်ပါတီ၏ Watergate အရှုပ်တော်ပုံ' ဟုခေါ်ဆိုသော လျှို့ဝှက်စွာ ပြိုင်ဘက်များကို ထိခိုက် စေရန်ကြိုးပမ်းမှု စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးနေသည်။ ၂၀၂၃ ခုနှစ် ကတည်းက ဆိုရှယ်လစ်ပါတီသည် စုံစမ်းစစ်ဆေးမှု များခံနေရသည်။ ယခင်ပို့ဆောင်ရေး ဝန်ကြီးနှင့် ပါတီဒုတိယခေါင်းဆောင် Jos'e Luis Abalos သည် Covid-19 ကပ်ရောဂါ ကာလအတွင်း ယူရိုသန်း ၅၀ တန် mask များ ရောင်းချရာမှ အကျိုးအမြတ် ပြန်ရယူခဲ့သည့် ကွန်ရက်နှင့် ဆက်နွှယ်နေ သည်ဟု စွပ်စွဲခံခဲ့ရသည်။ ၎င်းက စွပ်စွဲချက်များကို ငြင်းဆိုထားသော်လည်း ပါတီမှထုတ်ပယ်ခံခဲ့ရပြီး လက်ရှိတွင် တရားရုံး၏ အဆုံးအဖြတ်ကို စောင့်ဆိုင်းနေရသည်။ ထို့နောက် ၂၀၂၅ ခုနှစ်တွင် အစိုးရစာချုပ်များနှင့် လဲလှယ်ကာ လာဘ်ငွေယူခဲ့သည်ဆိုသည့် အမှုတစ်ခုတွင် ပါတီ၏ အဆင့် ၃ ခေါင်းဆောင်နှင့်အတူ အမည်ပါဝင်လာခဲ့သည်။

Zapatero ကို ၂၀၂၁ ခုနှစ်တွင် လေကြောင်းလိုင်း Plus Ultra အား အစိုးရက ယူရို ၅၃ သန်း ကူညီထောက်ပံ့ပေးရန် ၎င်း၏ ဩဇာလွှမ်းမိုးမှုကို အသုံးပြုခဲ့ပြီး အပြန်အလှန်အဖြစ် ကော်မရှင်ငွေရရှိခဲ့သည်ဟု စွပ်စွဲထားသည်။

Source-[https://www.bbc.com/news/articles/c1w21gn340xo](https://www.bbc.com/news/articles/c1w21gn340xo)

ဘာသာပြန်သူ
ဒေါ်ဇာဇာမိုး
ညွှန်ကြားရေးမှူး

*********** ............ **********

## တရုတ်နိုင်ငံသားတစ်ဦးသည် စင်္ကာပူနိုင်ငံရှိ Immigration & Checkpoints Authority (ICA) စစ်ဆေးရေးမှူးအား လာဘ်ထိုးရန် ကြံစည်မှုဖြင့် တရားစွဲဆိုခံရခြင်း

၂၀၂၆ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် အသက် ၃၄ နှစ်အရွယ် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးဖြစ်သူ လင်းဇီကွန်း (Lin Zekun - 林泽坤) သည် လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဆိုင်ရာ အာဏာပိုင်အဖွဲ့ (Immigration & Checkpoints Authority -ICA) မှ စစ်ဆေးရေးမှူးတစ်ဦးအား လာဘ်ထိုးရန် ကြံစည်ခဲ့မှုဖြင့် စင်္ကာပူနိုင်ငံ၊ တရားရုံးတွင် တရားစွဲဆိုခြင်း ခံခဲ့ရပါသည်။

၂၀၂၆ ခုနှစ် မေလ ၁၈ ရက်နေ့တွင် Mr. Lin သည် ၎င်းအား ဝုဒ်လန်းစ် (Woodlands) စစ်ဆေးရေးဂိတ်၌ စင်ကာပူနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ငြင်းပယ်ခံရပြီးနောက်၊ ၎င်း၏ဝင်ရောက်မှုကို လွယ်ကူ ချောမွေ့စေရန် အတွက် စစ်ဆေးရေးမှူး ဂိုဟီးချွမ်း (Goh Hee Chuah) အား စင်ကာပူဒေါ်လာ ၂၀၀ လာဘ်ထိုးရန် ကြံစည်ခဲ့ သည်ဟု စွပ်စွဲခံထားရသည်။ စစ်ဆေးရေးမှူးက ယင်းလာဘ်ငွေကို ငြင်းပယ်ခဲ့ပြီးနောက် အဆိုပါအမှုကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးရေးဗျူရို (Corrupt Practices Investigation Bureau-CPIB) သို့ လွှဲပြောင်းပေးခဲ့ပါသည်။ ၎င်း၏ စွပ်စွဲခံထားရသော အမှုအတွက် Mr. Lin သည် အဂတိလိုက်စားမှု ကာကွယ်ရေး အက်ဥပဒေ (PCA) ပုဒ်မ ၆(ခ) အရ အပြစ်ပေးနိုင်သည့် စွဲချက်တစ်ခုနှင့် ရင်ဆိုင်နေရပါသည်။

စင်ကာပူနိုင်ငံသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ လုံးဝ သည်းခံခြင်း မရှိသည့် တင်းကျပ်သောမူဝါဒကို ကျင့်သုံးပါသည်။ Prevention of Corruption Act (PCA) ပုဒ်မ ၆ အရ အဂတိလိုက်စားမှုပြစ်မှုဖြင့်

ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသူ မည်သူမဆို စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ အထိ ငွေဒဏ်ချမှတ်ခံရနိုင်ပြီး သို့မဟုတ် ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်သည်။

CPIB သည် အမည်မဖော်လိုသော တိုင်ကြားချက်များ အပါအဝင် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များနှင့် အစီရင်ခံစာများ အားလုံးကို စုံစမ်းစစ်ဆေးပေးလျက်ရှိပြီး တစ်ဖက်ပါဖော်ပြပါ စနစ်များအနက်မှ ကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ဆက်သွယ်၍ သတင်းပေးပို့တိုင်ကြား နိုင်ပါသည် -

(က) e-Complaint (အွန်လိုင်းစနစ်) ဖြင့် တိုင်ကြားခြင်း၊

( ခ ) report@cpib.gov.sg သို့ အီးမေးလ်ပေးပို့၍ တိုင်ကြားခြင်း၊

( ဂ ) တာဝန်ကျအရာရှိထံ ဖုန်းနံပါတ် ၁၈၀၀-၃၇၆-၀၀၀၀ သို့ ဆက်သွယ်၍ တိုင်ကြားခြင်း (သို့မဟုတ်)

(ဃ) CPIB ဌာနချုပ် (CPIB Headquarters @ 2 Lengkok Bahru, S159047) သို့ စာရေးသားပေးပို့၍ တိုင်ကြားခြင်း။

ဖြစ်နိုင်လျှင် တိုင်ကြားရာတွင် အောက်ပါအချက်အလက်များ ပါဝင် သင့်သည်-

(က) စွပ်စွဲထားသော အဂတိလိုက်စားမှုသည် ဘယ်နေရာ၊ ဘယ်အချိန် နှင့်ဘယ်လို ဖြစ်ပွားခဲ့သလဲ။

( ခ ) မည်သူမည်ဝါများ ပါဝင်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် မည်သည့်အခန်း ကဏ္ဍတွင် ပါဝင်သနည်း။

(ဂ) ပေးခဲ့သော လာဘ်ငွေ ပမာဏမည်မျှနည်း၊ ယင်းလုပ်ရပ်အတွက် မည်သည့်မျက်နှာသာပေးမှု (အကျိုးအမြတ်) ကို ပြသခဲ့သလဲ။

တရားရုံးက တိုင်ကြားသူသည် ၎င်း၏ တိုင်ကြားမှုအစီရင်ခံစာတွင် တမင်တကာ မဟုတ်မမှန် ထွက်ဆိုချက်ပေးထားသည်ဟု တွေ့ရှိရသည့် အခြေအနေမှလွဲ၍ တရားဥပဒေအရ တိုင်ကြားသူသည် မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထားကို ကာကွယ်စောင့်ရှောက်ထားပါသည်။ သတင်းပေးသူများသည် တိုင်ကြားစာ ပေးပို့ရာတွင် အမည် မဖော်ပြခြင်းကို ရွေးချယ်နိုင်သည်။

Source- https://www.cpib.gov.sg/chinese-national-charged-with-allegedly-offering-bribe-to-ica-inspector/

ဘာသာပြန်သူ
ဒေါ်နန်းမြကြာခြည်
ဒုတိယညွှန်ကြားရေးမှူး

***********…………**********

## အာမခံပေးခွင့်မရှိသည့် အဂတိမှုဖြင့် တရားစွဲခံရသော ဖိလစ်ပိုင်အမတ် တရားဝင်အဖမ်းခံမည်

ရေဘေးကာကွယ်ရေး စီမံကိန်းတစ်ခုတွင် တရားမဝင် ကော်မရှင်ခ အမြောက်အမြား ကိုယ်ကျိုးရှာရယူခဲ့မှု (ခိုးယူခြစားမှု)ကြောင့် အထူး အဂတိလိုက်စားမှု တိုက်ဖျက်ရေး တရားရုံးက အာမခံပေးခွင့် မရှိသည့်

ဖမ်းဝရမ်းကို တနင်္လာနေ့၌ ထုတ်ပြန်ခဲ့ပြီးနောက် ၎င်းအနေဖြင့် အာဏာပိုင်များထံ အဖမ်းခံသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် အထက်လွှတ်တော်အမတ်တစ်ဦးက ပြောကြားလိုက်သည်။



ယင်းအခြေအနေသည် နိုင်ငံ၏နိုင်ငံရေးအနာဂတ် အာဏာလုပွဲများ ပြင်းထန်နေသည့် အထက်လွှတ်တော်အတွက် နောက်ထပ်ရိုက်ခတ်လာသည့် နိုင်ငံရေး အကျပ်အတည်းတစ်ခု ဖြစ်ပါသည်။

အထူးအဂတိလိုက်စားမှု တိုက်ဖျက်ရေးတရားရုံး (Sandiganbayan) သည် ပြီးခဲ့သည့်သောကြာနေ့တွင် အထက်လွှတ်တော်အမတ် ဂျင်ဂွိုင်း အက်စ်ထရာဒါ (Jinggoy Estrada) ကို အာမခံပေးနိုင်သည့် အဂတိမှုဖြင့် ပထမအကြိမ် ဖမ်းဝရမ်း ထုတ်ခဲ့ပါသည်။ ထိုအချိန်တွင် ၎င်းမှ လာရောက်အဖမ်းခံခဲ့ပြီး အာမခံဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သဖြင့် ၎င်းသည် မည်သည့် အမှားမျိုးမှမလုပ်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။

သို့သော် တနင်္လာနေ့တွင် ထပ်မံထွက်ပေါ်လာသည့် စွဲချက်သစ်၌ အာမခံ လုံးဝပေးခွင့်မရှိသည့် အမှုအမျိုးအစား ဖြစ်ပါသည်။

အသက် ၆၃ နှစ် အရွယ်ရှိပြီဖြစ်သည့် အက်စ်ထရာဒါသည် ရေဘေးကာကွယ်ရေး စီမံကိန်းများတွင် ဖိလစ်ပိုင် ပီဆို ၅၇၀ သန်းကျော် (အမေရိကန်ဒေါ်လာ ၉.၃ သန်း) ကျော် ကော်မရှင်ခများ ရယူခဲ့ခြင်းဆိုသည့် စွပ်စွဲချက်များကို ပြင်းပြင်းထန်ထန် ငြင်းဆိုထားပါသည်။ ယင်းစွပ်စွဲချက်

များကို အစိုးရ ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာဟောင်းတစ်ဦးက အဓိကထား တိုင်ကြားခဲ့ခြင်းဖြစ်ပါသည်။

အက်စ်ထရာဒါက ဖမ်းဝရမ်းရရှိပြီးလျှင် အာဏာပိုင်များထံ အဖမ်းခံမည်ဖြစ်ကြောင်း အထက်လွှတ်တော်တွင်ရှိသည့် သတင်းထောက်များကို ကြိုတင် ပြောကြားခဲ့ပါသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီး ဂျွန်ဗစ် ရီမူလာ (Jonvic Remulla) နှင့် ရဲတပ်ဖွဲ့ဝင်များသည် ၎င်းကို လွှတ်တော် အဆောက်အအုံအတွင်း၌ ဖမ်းဆီး ထိန်းသိမ်း ခေါ်ဆောင်သွားခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီး ရီမူလာက အက်စ်ထရာဒါနှင့်အတူ သီးခြား ဖမ်းဆီးခံခဲ့ရသည့် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဟောင်း မာနျူရယ် ဘိုနိုအန် (Manuel Bonoan) အပါအဝင် အခြားပူးတွဲ တရားစွဲဆိုခံထားရသူများနှင့်ပတ်သက်၍ "ဘယ်လို အထူးအခွင့်အရေးမျိုးမှ ပေးမှာမဟုတ်ဘူး" ဟု ပြောကြားခဲ့ပါသည်။

အက်စ်ထရာဒါဟာ လာရောက်အဖမ်းခံရန် လွှတ်တော်မှ မထွက်ခွာမီ ၎င်းရင်ဆိုင်နေရသည့် အဂတိလိုက်စားမှုများဖြင့် အဖမ်းခံရခြင်းသည် သမ္မတဟောင်း ရိုဒရီဂို ဒူတာတေး (Rodrigo Duterte) နှင့် လက်ရှိ ဒုသမ္မတ ဆာရာ ဒူတာတေး (Sara Duterte) တို့၏ ဘက်တော်သား ဖြစ်နေခြင်း ကြောင့်ဟု အရိပ်အမြွက် ပြောကြားခဲ့ပါသည်။ ဒုသမ္မတ ဆာရာ ဒူတာတေးဟာ ယခင်က မဟာမိတ်ဖြစ်ခဲ့ဖူးသော်လည်း လက်ရှိတွင် သမ္မတ ဖာဒီနန် မားကော့စ် ဂျူနီယာ (Ferdinand Marcos Jnr) ၏ အဓိက နိုင်ငံရေး ပြိုင်ဘက် ဖြစ်နေသူ ဖြစ်ပါသည်။

"ကျွန်တော် ခြိမ်းခြောက်မှုတွေကို အရှုံးပေးမှာ မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း ကြောက်နေမှာ မဟုတ်ဘူး" ဟု အက်စ်ထရာဒါက အထက်လွှတ်တော်တွင် ပြောကြားခဲ့ပါသည်။

ထို့ပြင် "ကျွန်တော့်ရဲ့ လွတ်လပ်တဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို စွန့်လွှတ်လိုက်ရအောင် ဘယ်လိုဖိအားပေးမှုမျိုးကိုမှ အညံ့ခံမှာ မဟုတ်ဘူး" ဟု ၎င်းက ဆိုပါသည်။

အထက်လွှတ်တော်အမတ်သည် ၎င်း၏ဖခင်ဖြစ်သူ သမ္မတဟောင်း ဂျိုးဇက် အက်စ်ထရာဒါ (Joseph Estrada) ကဲ့သို့ ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ ၎င်းတို့သားအဖနှစ်ဦးသည် ယခင်ကလည်း အခြားအဂတိလိုက်စားမှုစွဲချက်များဖြင့် ထိန်းသိမ်းခံခဲ့ရပါသည်။

သေဆုံးမှုများပြားလှသည့် ရေကြီးရေလျှံမှုများဖြင့် တိုင်ဖွန်းမုန်တိုင်းဒဏ်များကို အဆိုးရွားဆုံး ခံစားနေရသည့်၊ ဆင်းရဲမွဲတေမှုဒဏ်ကို ရင်ဆိုင်နေရသည့် အာရှကျွန်းစုနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်တွင် ရေဘေးကာကွယ်ရေး စီမံကိန်း အရှုပ်တော်ပုံများဖြင့် ပတ်သက်၍ အခြားအထက်လွှတ်တော်အမတ်များနှင့် အောက်လွှတ်တော်အမတ်အများအပြားလည်း ပါဝင်ပတ်သက်နေကြပါသည်။

ဂျင်ဂွိုင်း အက်စ်ထရာဒါ အဖမ်းခံရမည့် အခြေအနေကြောင့် အဖွဲ့ဝင် ၂၄ ဦး ရှိသည့် အထက်လွှတ်တော်မှ အမတ် ၂ ဦးသည် ဥပဒေရေးရာပြဿနာများကြောင့် နိုင်ငံရေးမှ ထိထိရောက်ရောက် ဖယ်ထုတ်ခြင်း ခံလိုက်ရပါသည်။

အခြားအထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ ရော်နယ် ဒီလာ ရိုဆာ (Ronald dela Rosa) သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု (Crime against humanity) ဖြင့် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) က ဖမ်းဝရမ်း ထုတ်ပြန် ခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေပါသည်။

ဒီလာ ရိုဆာဟာသည် သမ္မတဟောင်း ရိုဒရီဂို ဒူတာတေး လက်ထက်က ရက်ရက်စက်စက်နှိမ်နင်းခဲ့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး

စီမံကိန်းကို ဦးဆောင်ခဲ့သည့် ရဲချုပ်ဟောင်းတစ်ဦးဖြစ်ပြီး ယင်းနှိမ်နင်းမှု အတွင်း အောက်ခြေအဆင့် မူးယစ်သံသယရှိသူ အများစုအပါအဝင် လူပေါင်း ထောင်ချီ သေဆုံးခဲ့ပါသည်။ ယခုကဲ့သို့ စံချိန်တင် သေဆုံးမှု အများအပြား ရှိခဲ့သောကြောင့် အနောက်နိုင်ငံ အစိုးရများအကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ် ခဲ့ပါသည်။

မုန်တိုင်းထန်လှသည့် သက်တမ်း ၆ နှစ်အပြီး ၂၀၂၂ ခုနှစ်မှာ ရာထူးမှဆင်းသွားခဲ့သည့် ဒူတာတေးသည် ပြီးခဲ့သည့်နှစ်က ICC ၏ အမိန့်ဖြင့် ဖမ်းဆီးခံခဲ့ရပြီး နယ်သာလန်နိုင်ငံသို့ ပို့ဆောင်ထိန်းသိမ်းခြင်း ခံခဲ့ရပါသည်။ ၎င်းသည် အဆိုပါ လူသတ်မှုအချို့နှင့်ပတ်သက်၍ လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် လာမည့် နိုဝင်ဘာ လတွင်စတင်မည့် တရားခွင်၌ တရားရင်ဆိုင်ရမည် ဖြစ်ပါသည်။

ဒူတာတေးနှင့် ဒီလာရိုဆာတို့သည် ၎င်းတို့တွင် အပြစ်မရှိကြောင်း ငြင်းဆို ထားကြသော်လည်း ဒူတာတေးသည် မူးယစ်သံသယရှိသူများကို သတ်ပစ်မည်ဖြစ်ကြောင်း ထပ်ခါတလဲလဲ ခြိမ်းခြောက်ပြောဆိုလေ့ ရှိခဲ့သူ ဖြစ်ပါသည်။

အက်စ်ထရာဒါနှင့် ဒီလာရိုဆာ တို့ မရှိခြင်းသည် ဒူတာတေးတို့ ဘက်တော်သားဖြစ်ပြီး မကြာသေးမီက အမတ်အနည်းငယ်ဖြင့် အသာရရှိ၍ အထက်လွှတ်တော် ဥက္ကဋ္ဌရာထူးကို ရယူထားနိုင်ခဲ့သည့် အထက် လွှတ်တော်အမတ် အလန်ပီတာ ကာယေတာနို (Alan Peter Cayetano) အတွက် အထိနာစေပါသည်။ လွှတ်တော်အတွင်း၌ ယင်းအမတ် ၂ဦး မရှိသည့် အတွက် ကျန်ရှိသည့် လွှတ်တော်အမတ် ၂၂ ဦးသည် ကာယေတာနိုအုပ်စုနှင့် ၎င်း၏ ပြိုင်ဘက်အုပ်စုအကြား အင်အားချင်းတန်းတူ တစ်ဝက်စီ ဖြစ်သွား ခဲ့ပါသည်။

ယင်းအမတ်အရေအတွက်သည် အလွန်အရေးကြီးပြီး သမ္မတ၏ မဟာမိတ်များ စိုးမိုးထားသည့် အောက်လွှတ်တော်မှ မေလ ၁၁ ရက်တွင် ဒုသမ္မတ ဆာရာ ဒူတာတေး-ကာပီယိုကို စွပ်စွဲပြစ်တင်မှု (Impeachment) ပြုလုပ်ခဲ့ပြီးနောက်၊ အထက်လွှတ်တော် မှ လာမည့် ဇူလိုင်လတွင် သူမကို စတင်စစ်ဆေး စီရင်မည်ဖြစ်ပါသည်။

၂၀၂၈ ခုနှစ်တွင် သမ္မတရာထူးကို ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ် ရှိကြောင်း ကြေညာထားသည့် ဒူတာတေး-ကာပီယိုဟာ တရားမဝင် ကြွယ်ဝ ချမ်းသာမှု၊ နိုင်ငံရေးပဋိပက္ခများကြောင့် အကယ်၍ သူမသာ အသတ်ခံရလျှင် သမ္မတ၊ သမ္မတကတော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း တို့ကို ပြန်လည်လုပ်ကြံရန် ခြိမ်းခြောက်ခဲ့မှု အပါအဝင် ရာဇဝတ်မှုဆိုင်ရာ စွပ်စွဲချက်များဖြင့် စွပ်စွဲပြစ်တင်ခြင်း ခံထားခြင်းဖြစ်ပါသည်။

သူမသည် ယင်းစွပ်စွဲချက်များကို ငြင်းဆိုထားပြီး အကယ်၍ အထက်လွှတ်တော်၏ သုံးပုံနှစ်ပုံ (၂/၃) ထောက်ခံမဲဖြင့် အပြစ်ရှိကြောင်း စီရင်ချက်ချမှတ်ခံရလျှင် နိုင်ငံ့ဝန်ထမ်းရာထူးများ လုပ်ကိုင်ခွင့် ကာလကို အကန့်အသတ်မရှိ (အမြဲတမ်း) ပိတ်ပင်ခံရမည် ဖြစ်ပါသည်။

Source-https://www.scmp.com/news/asia/southeast-asia/article/3355569/philippine-lawmaker-charged corruption-surrender?module=perpetual_scroll_0&pgtype=article

ဘာသာပြန်သူ
ဦးမျိုးသက်ပိုင်
ညွှန်ကြားရေးမှူး

*********** ............ **********

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်မြှင့်နေသည့် အင်ဒိုနီးရှားနိုင်ငံတွင် ထိပ်တန်း အရာရှိကြီးများ ဆက်တိုက်ဖမ်းဆီးခံရ

အင်ဒိုနီးရှားနိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေစဉ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးဖြစ်သူ ဆီလ်မီကာရင်(Silmy Karim)သည် လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ စာရွက်စာတမ်းများ စီမံခန့်ခွဲမှုတွင် မမှန်မကန် လုပ်ဆောင်ခဲ့သည် ဟူသော သံသယဖြင့်ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။

၎င်းအား အင်ဒိုနီးရှားနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီ (Komisi Pemberantasan Korupsi-KPK) က (၁၀) နာရီ နီးပါးကြာ စစ်ဆေးမေးမြန်းပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း KPK ၏ ပြောရေးဆိုခွင့်ရှိသူ ဘူဒီပရာဆက်တို (Budi Prasetyo) က ရိုက်တာသတင်း ဌာနသို့ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ အဂတိလိုက်စားမှုသည် ယခင်သမ္မတ ဂျိုကိုဝီဒိုဒို (Joko Widodo) လက်ထက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကာရင်က လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူစဉ် ကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကာရင်ကို KPK ရုံးချုပ်၌ စစ်ဆေးမေးမြန်းခဲ့ပြီးနောက် လက်ထိပ်ခတ်လျက် လိမ္မော်ရောင် ဂျာကင် အကျဉ်းသားဝတ်စုံဖြင့် ထိန်းသိမ်းရေးစခန်းသို့ လွှဲပြောင်းခေါ်ဆောင် သွားခဲ့သည်။

KPK အနေဖြင့် ယင်းအမှုတွင် အခြားသံသယရှိသူ (၇) ဦးကိုလည်း ဖော်ထုတ်ထားပြီး အမှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက် များကို ထပ်မံထုတ်ပြန် သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဘူဒီက ဖြည့်စွက်ပြောကြားခဲ့သည်။

ယခုဖမ်းဆီးမှုသည် အင်ဒိုနီးရှားရှေ့နေချုပ်ရုံး (Attorney General’s Office-AGO) က အခြားသော အဂတိလိုက်စားမှု တစ်ခုဖြင့် အမျိုးသား အာဟာရအဖွဲ့ (National Nutrition Agency) ၏ ဥက္ကဋ္ဌဟောင်း ဒါဒန်ဟင်ဒါယာနာ (Dadan Hindayana) နှင့် အခြားသံသယရှိသူနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး နောက်တစ်ရက်တွင် ထပ်မံပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဒါဒန်ဟင်ဒါယာနာ ဦးဆောင်ခဲ့သည့် အဆိုပါအဖွဲ့သည် သမ္မတ ပရာ ဘိုဝိုဆူဘီယန်တို (Prabowo Subianto) ၏ အာဟာရချို့တဲ့မှု တိုက်ဖျက်ရေး “ကျောင်းသားများ အခမဲ့အာဟာရ ကျွေးမွေးရေးစီမံချက်” ကို အဓိကကြီးကြပ်ရသည့်ဌာနဖြစ်သည်။

ရှေ့နေချုပ်ရုံး၏ စုံစမ်းစစ်ဆေးရေး ဒါရိုက်တာ ဆရာရစ်ဖ်ဆူလိုင်မန် နာဒီ (Syarief Sulaeman Nahdi) ၏ ပြောကြားချက်အရ အဆိုပါအခမဲ့ ကျွေးမွေးရေး စီမံချက်ကို ကျောင်းများတွင် အခြေစိုက်သည့် ဖောင်ဒေးရှင်းများမှတစ်ဆင့် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ယင်းဖောင်ဒေးရှင်းများကို အသုံးချ၍ မတရား စီးပွားရှာသည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြကြောင်း စုံစမ်းစစ်ဆေးသူများက သံသယ ရှိထားကြသည်။

နိုင်ငံတော်အတွင်းရေးမှူးရုံး ဝန်ကြီး ပရာဆက်တို ဟာဒီ (Prasetyo Hadi) က “ပြီးခဲ့တဲ့ နှစ်ရက်အတွင်း ကျွန်တော်တို့ တကယ်ပဲ မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တွေ ဆက်တိုက်ဖြစ်ပွားခဲ့တဲ့အတွက် အလွန်ပဲ စိုးရိမ်ပူပန်မိပါတယ်” ဟု ကြာသပတေးနေ့က ထုတ်ဖော်ပြောကြားခဲ့ပြီး အစိုးရအနေဖြင့် KPK နှင့် AGO တို့၏ ဥပဒေ ကြောင်းအရ အရေးယူဆောင်ရွက်ချက်များကို အပြည့်အဝ လေးစားလိုက်နာကြောင်း ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှိမ်နင်းမှုများ ပြင်းထန်နေပြီး ပြီးခဲ့သည့် ဧပြီလအတွင်းကလည်း အင်ဒိုနီးရှားနိုင်ငံ၏

ပြည်သူ့ရှေ့နေဆောင် စုံစမ်းစစ်ဆေးရေးမှူးချုပ် (Chief Ombudsman) သည် ရာထူးခန့်အပ်ခံရပြီး (၆) ရက် အကြာတွင် ပြည်တွင်းရှိ နီကယ် (Nickel) ကုမ္ပဏီတစ်ခုထံမှ တံစိုးလက်ဆောင် ယူခဲ့သည်ဟူသော စွဲချက်ဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရဖူးသည်။

Source- https://www.aljazeera.com/news/2026/6/4/indonesia-arrests-officials-in-crackdown-on-corruption

ဘာသာပြန်သူ
ဒေါ်နန်းရတနာထွန်း
ညွှန်ကြားရေးမှူး

***********............**********

## ဟန်ဂေရီကို အော်ဘန်၏ 'မာဖီးယား' အုပ်ချုပ်မှုမှ လွတ်မြောက်စေရန် ဝန်ကြီးချုပ်သစ် ကြိုးပမ်း

ဟန်ဂေရီဝန်ကြီးချုပ် ပီတာ မဂ်ယာ (Peter Magyar) သည် ဝန်ကြီးချုပ်ဟောင်း ဗစ်တာ အော်ဘန် (Viktor Orban) လက်ထက်က ကျရောက်ခဲ့ရသည့် နိုင်ငံတော် အကျဉ်းအကျပ်အတွင်းမှ ရုန်းထွက်နိုင်ရန် ရည်ရွယ်၍ ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု တစ်ရပ်ကို စတင်လိုက်ပြီ ဖြစ်သည်။ တနင်္လာနေ့က ပြုလုပ်ခဲ့သော လွှတ်တော်တွင်း မိန့်ခွန်း၌ မဂ်ယာက "သန့်စင်မီး စစ်ဆင်ရေး" (Operation Cleansing Fire) ဟု အမည်ပေးထားသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် ဥပဒေရေးရာ ဆောင်ရွက်ချက် အစီအမံများကို ကြေညာခဲ့သည်။ အဆိုပါ စီမံကိန်းအရ ၎င်း၏ တီဆာပါတီ (Tisza Party) အစိုးရသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများကို အကျင့်ပျက် ခြစားမှုများမှ ရှင်းလင်းခြင်း၊

အဂတိလိုက်စားမှုတိုက်ဖျက်ရေးရုံးအသစ် ဖွဲ့စည်းခြင်းနှင့် လက်ရှိသမ္မတကို ရာထူးမှ ဖယ်ရှားခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။



ပြီးခဲ့သည့် ၁၆ နှစ်လုံးလုံး အုပ်ချုပ်ခဲ့သည့် နိုင်ငံရေးနှင့် စီးပွားရေး မာဖီးယား ဂိုဏ်း၏ ချုပ်ကိုင်မှုအောက်မှ ကျွန်တော်တို့နိုင်ငံကို လွတ်မြောက်အောင် လုပ်ပါမယ်” ဟု မဂ်ယာက ပြောကြားခဲ့သည်။ မဂ်ယာသည် ၁၆ နှစ်ကြာ အာဏာရယူထားသည့် ဝန်ကြီးချုပ်ဟောင်း အော်ဘန်ကို ဖြုတ်ချပြီးနောက် ပြီးခဲ့သည့် ဧပြီလတွင် ရာထူးတက်လာ ခဲ့ခြင်းဖြစ်သည်။ အော်ဘန်၏ ဖီဒက်ဇ်ပါတီ (Fidesz party) သည် ၎င်း၏ လွှတ်တော်အမတ်အများစု အာဏာကို အသုံးပြုကာ ဟန်ဂေရီနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာ စက်ယန္တရားတိုင်းကို စနစ်တကျ ထိန်းချုပ်ထားခဲ့သည်။ ထို့အပြင် စနစ်တကျ အဂတိလိုက်စားမှုများကို ဖန်တီးခြင်း၊ ဟန်ဂေရီကို ရုရှားနှင့် ပိုမိုနီးကပ်စေခြင်းနှင့် ဥရောပသမဂ္ဂ (EU) အတွင်း သွေးခွဲမှုများ ပြုလုပ်ခြင်း တို့အတွက်လည်း အော်ဘန်တွင် စွပ်စွဲချက်များ ရှိခဲ့သည်။

ယခုအခါ တီဆာပါတီသည် ထိုအဂတိကွန်ရက်ကြီးကို ဖြတ်တောက်ရန်၊ ဟန်ဂေရီကို အဂတိလိုက်စားမှုမှ ကယ်တင်ရန်နှင့် အာဏာအဖွဲ့အစည်း တစ်ခုလုံးတွင် ရှိနေသည့် အော်ဘန်၏ အဓိက မဟာမိတ်များကို ရာထူးမှ

ဖယ်ရှားရန် စိန်ခေါ်မှုကြီးနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ ပြောင်းလဲမှုများသည် မဂ်ယာအစိုးရအတွက် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရမည့် ပြုပြင်ပြောင်းလဲရေး ပြိုင်ပွဲတစ်ခုလည်း ဖြစ်သည်။ တီဆာပါတီ၏ လွှတ်တော်တွင်း သုံးပုံနှစ်ပုံ (Constitutional Majority) အာဏာကို အသုံးပြု၍ မဂ်ယာသည် ဥရောပသမဂ္ဂ (EU) နှင့် သဘော တူညီချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အော်ဘန် လက်ထက်က တရားဥပဒေ စိုးမိုးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ဆိုင်းငံ့ ထားခြင်းခံခဲ့ရသော ယူရို ၁၆.၄ ဘီလီယံ (ဒေါ်လာ ၁၉ ဘီလီယံ) ရှိသည့် အကူအညီပေးရေး ရန်ပုံငွေများကို ယခု ဩဂုတ်လကုန်တွင် ပြန်လည်ရရှိရန် ဤပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးနေခြင်း ဖြစ်သည်။

ထိုလှုပ်ရှားမှု၏ အဓိကသော့ချက်မှာ သမ္မတ တာမတ်စ် ဆူလ်ယော့ခ် (Tamas Sulyok) ကို ရာထူးမှ ဖယ်ရှားရေးဖြစ်သည်။ မဂ်ယာက အော်ဘန် ခန့်အပ်ခဲ့သော ၎င်းသမ္မတအား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုထားပြီး၊ တနင်္လာနေ့တွင် ၎င်းအား ဖယ်ရှားရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်ကို တင်သွင်းခဲ့သည်။ ဟန်ဂေရီသမ္မတသည် တရားဝင် လုပ်ပိုင်ခွင့်အာဏာ နည်းပါး သော်လည်း ဥပဒေကြမ်းများကို လွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ လွှဲပြောင်း ပေးခြင်းဖြင့် ဥပဒေအတည်ပြုရေး လုပ်ငန်းစဉ်ကို နှောင့်နှေးအောင် လုပ်ဆောင်နိုင်သည်။ သမ္မတ ဆူလ်ယော့ခ်ကမူ မိမိတွင် မည်သည့်နိုင်ငံရေး ရည်ရွယ်ချက်မျှ မရှိကြောင်း ပြောကြားထားသည်။ ဖီဒက်ဇ်ပါတီ လွှတ်တော်အမတ် ဂါဂေလီ ဂူလ်ယာ့စ် (Gergely Gulyas) ကမူ တနင်္လာနေ့က မဂ်ယာ၏ မိန့်ခွန်းကို "ဂုဏ်သိက္ခာညှိုးနွမ်းစေပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်" ဟု တုံ့ပြန်ခဲ့သည်။ အကယ်၍ သမ္မတ ဆူလ်ယော့ခ်ကို ရာထူးမှ ဖယ်ရှားနိုင်ပါက မဂ်ယာ၏ အစီအစဉ်အရ သမ္မတအသစ်ကို သက်တမ်း

အများဆုံး (၅) နှစ်အထိသာ ရွေးကောက်တင်မြှောက်ရန် သတ်မှတ်မည် ဖြစ်သည်။

အခြားပြောင်းလဲမှုများ အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး တရားသူကြီးများ၏ အသက်ကန့်သတ်ချက်ကို အသက် ၇၀ အထိ သတ်မှတ် မည်ဖြစ်ရာ အော်ဘန်၏ မဟာမိတ်ဖြစ်သူ တရားသူကြီးချုပ် ပီတာ ပိုးလ်တ် (Peter Polt)အား အနားယူရန် ဖိအားပေးရာရောက်မည်ဖြစ်ပြီး၊ လွှတ်တော် အမတ်များ၏ သက်တမ်းကိုလည်း ၁၂ နှစ်အထိသာ ကန့်သတ်မည် ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အဂတိလိုက်စားမှုကြောင့် ဟန်ဂေရီ ပြည်သူများ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၏ ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့ရသည်ဟူသော ကိန်းဂဏန်းများကို ကိုးကား၍ မဂ်ယာက ဟန်ဂေရီ၏ အတော်ဆုံး ထိပ်သီးပညာရှင်များဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အသစ်ကို ဖွဲ့စည်းမည်ဟု ကတိပြုခဲ့သည်။ "အတော်ဆုံး ရဲအရာရှိများ၊ အတော်ဆုံး စုံစမ်းစစ်ဆေးရေးမှူးများနှင့် အတော်ဆုံး ကျွမ်းကျင်သူတွေဟာ ဒီအဖွဲ့အစည်းမှာ တာဝန်ထမ်းဆောင်ကြမှာပါ" ဟု မဂ်ယာက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက ဟန်ဂေရီလွှတ်တော်သည် ဝန်ကြီးချုပ် သက်တမ်းကို အများဆုံး ရှစ်နှစ်အထိသာ ကန့်သတ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ချက်ကို အတည်ပြုခဲ့ပြီးဖြစ်ရာ၊ ၎င်းသည် အနာဂတ်တွင် အော်ဘန် တစ်ကျော့ပြန် အာဏာရလာနိုင်မည့် လမ်းစကို ထိရောက်စွာ တားဆီးပိတ်ဆို့လိုက်ခြင်း ဖြစ်သည်။ ထို့အပြင် လွှတ်တော်အမတ်များသည် ၂၀၂၃ ခုနှစ်တွင် ဟန်ဂေရီကို “နိုင်ငံခြားသြဇာလွှမ်းမိုးမှု” မှ ကာကွယ်ရန်ဟု ဆိုကာ ဖွဲ့စည်းခဲ့ပြီး အော်ဘန်ကို ဝေဖန်သူများကို စုံစမ်းစစ်ဆေးရန် အသုံးပြုခဲ့သည့် "အချုပ်အခြာအာဏာ ကာကွယ်ရေးရုံး" (Sovereignty Protection Office) ၏ တည်ရှိမှုကို ပယ်ဖျက်ရန် မဲခွဲ ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါရုံးကို ပိတ်သိမ်းခြင်းသည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch)က ပြီးခဲ့သည့်ဧပြီလတွင် တောင်းဆိုခဲ့သော ဦးစားပေး အချက်များထဲမှတစ်ခုဖြစ်ပြီး၊ တရားစီရင်ရေး လွတ်လပ်ခွင့်နှင့် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးဆိုင်ရာ အကာအကွယ်များ အပါအဝင် EU ရန်ပုံငွေများရရှိရန် အတွက် လိုအပ်သော "တရားဥပဒေစိုးမိုးရေးဆိုင်ရာ မှတ်တိုင်များ" သို့ လျင်မြန်စွာ ရောက်ရှိစေမည့် လုပ်ဆောင်ချက်လည်း ဖြစ်သည်။

Source-https://www.aljazeera.com/news/2026/6/22/hungarys-pm-launches-drive-to-free-country-from-orbans-mafia

ဘာသာပြန်သူ

ဒေါ်ဖြိုးဖြိုး
ဦးစီးအရာရှိ

***********............**********

## ကြီးမားသော မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ခြစားမှုအမှုတွင် ပါဝင်ပတ်သက်သည့် ထင်ရှား ကျော်ကြားသူ ၂၉ ဦးကို မော်ရိုကိုတရားရုံးက ထောင်ဒဏ်များချမှတ်

နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသည့် ထင်ရှားကျော်ကြားသော နိုင်ငံရေး သမားများ၊ အားကစားနှင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများ အပါအဝင် လူပေါင်း ၂၉ ဦးကို မော်ရိုကိုတရားရုံးတစ်ခုက ထောင်ဒဏ်များအသီးသီး ချမှတ် လိုက်ကြောင်းသိရသည်။ ကြာသပတေးနေ့ နှောင်းပိုင်းက နှစ်နှစ်ကျော်ကြာ စစ်ဆေးခဲ့သည့် တရားခွင်အပြီးတွင် အဆိုပါတရားခံများကို ဒေါ်လာသန်းပေါင်း များစွာ ဒဏ်ရိုက်ရန်လည်း တရားရုံးက အမိန့်ချမှတ်ခဲ့သည်။
ကိုလံဘီယာနိုင်ငံမှ နာမည်ဆိုးဖြင့်ကျော်ကြားသော မူးယစ်ရာဇာကို အစွဲပြု၍ "ဆာဟာရ ၏ ပါဘလို အက်စကိုဘာ" ဟု လူသိများသည့် ထောင်ဒဏ် ကျခံနေရသော မူးယစ်ရာဇာတစ်ဦးက ၎င်းထောင်ကျ နေစဉ်အတွင်း မော်ရိုကို အဆင့်မြင့်နိုင်ငံရေး သမားများအပါအဝင် စီးပွားဖက်အချို့သည် မူးယစ်ဆေးဝါး

မှောင်ခိုမှုတွင် ပါဝင်ပတ်သက်နေပြီး ၎င်း၏ပိုင်ဆိုင်မှုများကို သိမ်းဆည်းခဲ့ကြောင်း စွပ်စွဲပြောဆိုရာမှ ဤအမှု စတင်ခဲ့ခြင်းဖြစ်သည်။ စွပ်စွဲခံရသူများကမူ ၎င်းတို့တွင် အပြစ်မရှိကြောင်း ငြင်းဆိုထားကြသည်။



ထိုသို့ ဖော်ထုတ်ချက်များကြောင့် လူအများအပြားကို ဖမ်းဆီးခဲ့ပြီး တရားခံ ၃၀ ဦး၊ သက်သေ ၁၈ ဦး နှင့် အရပ်ဘက်အကျိုးစီးပွား နစ်နာသူနှစ်ဖွဲ့ ပါဝင်သည့် ရှေရှည်တရားစီရင်မှု ဖြစ်ပွားခဲ့သည်။ ယခုအမှုကြောင့် မော်ရိုကို နိုင်ငံရေးအသိုင်းအဝိုင်းအတွင်း ခြစားမှုဆိုင်ရာ ဝေဖန်ဆွေးနွေးမှုများ ပြန်လည် မြင့်တက်လာခဲ့သည်။ ထို့အပြင် မော်ရိုကိုနိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်ပြီး နိုင်ငံရေးလောက၏ အထက်တွင်ရှိကာ လူသိရှင်ကြား စကားပြောဆိုလေ့မရှိသည့် ဘုရင် ပထမမြောက်မိုဟာမက်ကလည်း လွှတ်တော်တွင်း ကျင့်ဝတ်သိက္ခာပိုင်းကို မြှင့်တင်ရန်အတွက် ဥပဒေကြောင်းအရ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းတစ်ရပ် ပြဋ္ဌာန်းရန်တောင်းဆိုလိုက်သည်။ ပူးတွဲ အုပ်ချုပ်ရေးပါတီဖြစ်သည့် ရိုးရာနှင့် ခေတ်မီရေးပါတီ (PAM) မှ လွှတ်တော်အမတ်ဟောင်း နှင့် ဒေသဆိုင်ရာကောင်စီ ဥက္ကဋ္ဌဖြစ်သူ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး အဗ္ဗဒန်နဘီ ဘီယိုအီကို ထောင်ဒဏ် ၁၂ နှစ်နှင့် ဒေါ်လာ ၁၅,၉၈၉ ဒဏ်ငွေ ချမှတ်ခဲ့သည်။

PAM ပါတီမှ လွှတ်တော်အမတ်ဟောင်းနှင့် မော်ရိုကိုနိုင်ငံ၏ အထင်ရှားဆုံး ဘောလုံးကလပ် တစ်ခုဖြစ်သည့် Wydad AC ၏ ဥက္ကဋ္ဌဟောင်း ဆအစ် နာစီရီ (Said Naciri) ကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ PAM ပါတီမှ လွှတ်တော်အမတ်ဟောင်းနှင့် ဘောလုံးကလပ် ဥက္ကဋ္ဌဟောင်းတစ်ဦး

ဖြစ်သူ ဘယ်လ်ကာဆမ် မီယာကိုလည်း ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ ကျန်ရှိသည့် တရားခံများကို ထောင်ဒဏ် ၉ နှစ်အထိနှင့် ဒဏ်ငွေ ဒေါ်လာ ၂၆,၆၄၉ အထိ အသီးသီးချမှတ်ခဲ့ပြီး တစ်ဦးကိုမူ အပြစ်မရှိကြောင်း ဆုံးဖြတ်ကာ လွှတ်ပေးခဲ့သည်။ တရားစွဲဆိုထားသည့် ပြစ်မှုများတွင် မူးယစ်ဆေးဝါးနှင့် ရွှေမှောင်ခိုမှု၊ ခြစားမှု၊ စာရွက်စာတမ်းအတုပြုလုပ်မှုနှင့် နိုင်ငံခြား ငွေလဲလှယ်မှုဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်မှုတို့ ပါဝင်သည်။ ရှေ့နေများအနေဖြင့် ယခုစီရင်ချက်ကို အယူခံဝင်နိုင်သည်။ တရားရုံးက ဘီယိုအီ၊ နာစီရီနှင့် မီယာ အပါအဝင် တရားခံ အများအပြား၏ ပိုင်ဆိုင်မှုများကို ဒေါ်လာ ၁ သန်းအထိ ကန့်သတ်ကာ သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ထို့အပြင် အကောက်ခွန် အာဏာပိုင်များထံသို့ ဒေါ်လာသန်းပေါင်းများစွာ ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ကြေးငွေများပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပြီး အများစုကို အဆိုပါအမျိုးသား သုံးဦးက ပူးတွဲပေးဆောင်ရမည်ဖြစ်သည်။

ဒေသတွင်း မီဒီယာများ၏ အဆိုအရ တရားလိုပြအစိုးရရှေ့နေများက တရားခံအားလုံးကို ပြစ်ဒဏ်ချမှတ်ရန်နှင့် ပိုင်ဆိုင်မှုများကို သိမ်းဆည်းရန် တောင်းဆိုခဲ့ကြသည်။ တရားသူကြီးက စီရင်ချက်ကို ဖတ်ကြားနေစဉ် တရားခံခုံမှ ကန့်ကွက်အော်ဟစ်သံများ ထွက်ပေါ်လာခဲ့သည်။ "ကျွန်တော် အပြစ်မရှိပါဘူး၊ ဘာမှမလုပ်ထားပါဘူး" ဟု အချို့က အော်ဟစ်ခဲ့ကြသည်။ ခေတ္တမျှအတွင်း မှာပင် လူပြည့်ကျပ်နေသည့် တရားခွင်အမှတ်(၈) အတွင်းရှိ တင်းမာမှုများသည် ထိတ်လန့်တုန်လှုပ်မှုနှင့် ဝမ်းနည်းပူဆွေးမှု မြင်ကွင်းများအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဆွေမျိုးသားချင်းများက စူးစူးဝါးဝါး အော်ဟစ်ငိုယိုကြပြီး အချို့မှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားကာ ရဲတပ်ဖွဲ့ဝင်များက အခြေအနေကို ထိန်းသိမ်းရန် လူအုပ်ကြားထဲသို့ တိုးဝင်ခဲ့ကြရသည်။

တရားရုံးသို့ တင်ပြထားသည့် ရဲတပ်ဖွဲ့မှတ်တမ်းများအရ ထောင်ဒဏ် ကျခံနေရသော မာလီနိုင်ငံသား မူးယစ်ရာဇာ ဟတ်ဂျ် အာမက်ဘင် ဘာရာဟင်က

၎င်း၏စီးပွားဖက်များသည် နိုင်ငံတကာ ရွှေမှောင်ခိုဂိုဏ်းတွင် ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲခဲ့သည်။ ထို့အပြင် ၎င်း၏ ဇိမ်ခံဗီလာ၊ အဆင့်မြင့်တိုက်ခန်းများနှင့် မော်တော်ကားအစီးပေါင်းများစွာ အပါအဝင်ပိုင်ဆိုင်မှုများကို သိမ်းဆည်းခဲ့သည်ဟု စွပ်စွဲထားသည်။ ပါရီအခြေစိုက် Jeune Afrique မဂ္ဂဇင်း၏ ဖော်ပြချက်အရ ဘင်ဘရာဟင်သည် လစ်ဗျား၊ အီဂျစ်နှင့် မော်ရီတေးနီးယားနိုင်ငံများသို့ ဆေးခြောက်စေးများ သယ်ယူပို့ဆောင်ရန် မော်ရိုကို နိုင်ငံရေးသမားများနှင့် ပူးပေါင်းခဲ့ကြောင်း သိရသည်။ မော်ရိုကိုနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးခြောက်အများဆုံး ထုတ်လုပ်ပြီး တင်ပို့သည့် နိုင်ငံတစ်ခု ဖြစ်သည်။ မြောက်အာဖရိကနိုင်ငံဖြစ်သော မော်ရိုကိုသည် ဆေးဘက်ဆိုင်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာများအတွက် ဆေးခြောက်စိုက်ပျိုးမှုကို တရားဝင်ခွင့်ပြုထားသော်လည်း မူးယစ်ဆေးဝါး မှောင်ခိုကူးမှုမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဆဲ ဖြစ်သည်။ ဥရောပနှင့်နီးကပ်စွာ မှောင်ခိုသမားများအနေဖြင့် မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ မူးယစ်ဆေးဝါးများ သယ်ဆောင်ရန် အခွင့်အလမ်းသာလျက်ရှိသည်။ တရားရုံးက ဘီယိုအီ၊ နာစီရီနှင့် မီယာသတို့ သုံးဦးအား ဟတ်ဂျ်အာမက်ဘင် ဘရာဟင်ထံသို့ ဒေါ်လာ ၁၀၆,၅၉၉ ပူးတွဲပေးလျော်ရန် အမိန့်ချမှတ်ခဲ့သည်။

Source-[https://apnews.com/article/morocco-drug-trafficking-corruption-scandal-6f43aadc 219915e7703e62bf6b8b2618](https://apnews.com/article/morocco-drug-trafficking-corruption-scandal-6f43aadc219915e7703e62bf6b8b2618)

ဘာသာပြန်သူ
ဒေါ်ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

*********** ............ **********

## အမေရိကန် တရားရေးဝန်ကြီးဌာန (DOJ) သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် စီစဉ်ဆောင်ရွက်နေသော ဒေါ်လာ ၁.၈ ဘီလီယံတန်ဖိုးရှိ Anti-Weaponization Fund အစီအစဉ်ကို ယာယီရပ်ဆိုင်းလိုက်ကြောင်း ဖော်ပြခဲ့

၂၀၂၆ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် CBS News က အမေရိကန် တရားရေး ဝန်ကြီးဌာန (DOJ) သည် ဒေါ်လာ ၁.၈ ဘီလီယံတန်ဖိုးရှိ Anti-Weaponization Fund အစီအစဉ်ကို ယာယီရပ်ဆိုင်းလိုက်ကြောင်း ဖက်ဒရယ် တရားရုံး၏ ယာယီတားမြစ် အမိန့်ကို လိုက်နာရန်ဖော်ပြခဲ့သည်။ တရားရုံးက အဆိုပါအစီအစဉ်၏ ဥပဒေနှင့်ညီညွတ်မှုကို စစ်ဆေးနေစဉ်အတွင်း ရန်ပုံငွေကို ဆက်လက် အကောင်အထည်မဖော်ရန် အမိန့်ချမှတ် ထားခြင်းဖြစ်သည်။




အဆိုပါရန်ပုံငွေကို အမေရိကန်သမ္မတ Donald Trump က နိုင်ငံရေး အကြောင်းပြချက်ဖြင့် အစိုးရအဖွဲ့အစည်း များနှင့် တရားရေးစနစ်၏ မမျှတသော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် အရေးယူခြင်းများ ခံခဲ့ရသည်ဟု ယုံကြည်သူ များကို လျော်ကြေးပေးရန် ရည်ရွယ်ထား ကြောင်းရှင်းလင်းခဲ့သည်။ Trump နှင့် ၎င်း၏ ထောက်ခံသူများက ယခင် အစိုးရလက်ထက်တွင် အစိုးရအာဏာနှင့် တရားရေးစနစ်ကို နိုင်ငံရေး ပြိုင်ဘက်များကို ဖိအားပေးရန် သို့မဟုတ် အရေးယူရန် အသုံးချခဲ့သည် ဟု စွပ်စွဲကာ ယင်းကို "weaponization of government" ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် အဆိုပါ ရန်ပုံငွေသည် ထိုသို့ နိုင်ငံရေးအရ မတရားဆက်ဆံခံခဲ့ရ သည်ဟု ယုံကြည်သူများအား ငွေကြေးလျော်ကြေးပေးရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

သို့သော် အဆိုပါအစီအစဉ်သည် အလျင်အမြန် အငြင်းပွားဖွယ်ရာ ဖြစ်လာခဲ့သည်။ အစိုးရ တာဝန်ရှိသူများက ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် U.S. Capitol အဆောက်အအုံသို့ ဝင်ရောက်ခဲ့ပြီး ၂၀၂၀ သမ္မတ ရွေးကောက်ပွဲ ရလဒ်အတည်ပြုရေး **လုပ်ငန်းစဉ်ကို အနှောင့်အယှက် ဖြစ်စေမှု၊ ရဲတပ်ဖွဲ့အား တိုက်ခိုက်မှုနှင့် အခြားဖက်ဒရယ်** ပြစ်မှုများဖြင့် တရားစွဲဆိုခံခဲ့ရသူများ (January 6 defendants) သည်လည်း အဆိုပါ ရန်ပုံငွေမှ လျော်ကြေးရရှိနိုင်ခြင်း ရှိ၊ မရှိကို တိတိကျကျ မရှင်းလင်းခဲ့ပေ။ ထို့ကြောင့် ဝေဖန်သူများက အဆိုပါအမှုတွင် ပါဝင်ခဲ့သူများပင် လျော်ကြေးရရှိနိုင်ကြောင်း စိုးရိမ်မှုများ ပေါ်ပေါက်လာခဲ့သည်။

အဆိုပါရန်ပုံငွေသည် Democrat နှင့် Republican ပါတီနှစ်ဖက်စလုံးမှ ဝေဖန်မှုများ ခံခဲ့ရသည်။ ဝေဖန်သူများက ပြည်သူများ၏ အခွန်ဘဏ္ဍာငွေကို နိုင်ငံရေးအရ သတ်မှတ်ထားသော လူပုဂ္ဂိုလ်များအား အကျိုးခံစားခွင့်ပေးရန် **အသုံးပြုနိုင်သည့် "slush fund" (နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးချနိုင်သော** ရန်ပုံငွေ) ဖြစ်လာနိုင်ကြောင်း စိုးရိမ်ခဲ့ကြသည်။ အထက်လွှတ်တော်အမတ် Mark Kelly ကလည်း ယင်းအစီအစဉ်ကို "corruption in broad daylight" ("နေ့ခင်းကြောင်တောင်ပြုလုပ်နေသည့် အဂတိလိုက်စားမှု")ဟု ဝေဖန်ခဲ့သည်။ ၎င်း၏ ပြောကြားချက်မှာ ပြည်သူ့ဘဏ္ဍာ ငွေကို နိုင်ငံရေးအကျိုးအမြတ် အတွက် အသုံးချနိုင်သည်ဟု ယူဆသော နိုင်ငံရေးဝေဖန်ချက် ဖြစ်ပြီး၊ တရားရုံးက Trump အစိုးရ သို့မဟုတ် DOJ သည် အဂတိလိုက်စားမှု ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်ထားခြင်း မဟုတ်ပေ။

နောက်ဆုံးတွင် ဖက်ဒရယ်တရားရုံး၏ ယာယီတားမြစ်အမိန့်၊ Democrat နှင့် Republican နှစ်ဖက်စလုံး၏ ကန့်ကွက်မှုများကြောင့် Trump အစိုးရက အဆိုပါ Anti-Weaponization Fund အစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်တော့မည် မဟုတ်ကြောင်း ကြေညာခဲ့သည်။ DOJ

ကလည်း တရားရုံး၏ အမိန့်ကိုလိုက်နာကာ ဥပဒေရေးရာ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက် နေစဉ်အတွင်း ရန်ပုံငွေနှင့် ပတ်သက်သောလုပ်ငန်းများကို ရပ်ဆိုင်းထားမည်ဟု ပြောကြားခဲ့သည်။

Source- [Trump pausing DOJ "anti-weaponization" fund that Kelly slammed as "corruption in broad daylight" - CBS News]

ဘာသာပြန်သူ
ဦးသော်သော်နိုင်
ညွှန်ကြားရေးမှူး

***********............**********

## အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံထားရသည့် အီရတ်နိုင်ငံအရာရှိ၏ဇနီးသည် ရွှံ့မီးဖိုအတွင်း ဒေါ်လာသန်းပေါင်းများစွာကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းထွက်ပေါ်

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်

အီရတ်အစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုကို အရှိန်အဟုန်မြင့်လုပ်ဆောင်နေချိန်တွင် ဝန်ကြီးဌာနအများအပြားရှိ အဆင့်မြင့်အရာရှိကြီးများကို ဖမ်းဆီးမှုများနှင့်အတူ လုပ်ကြံဖန်တီးထားသည့် ဝတ္ထုပုံပြင်များကဲ့သို့ ထူးခြားဆန်းပြား လှသော စွပ်စွဲချက်များလည်း ထွက်ပေါ်နေသည်။ ရေနံဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးနှစ်ဦးသည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာနှင့် အီရတ်နိုင်ငံငွေကြေး dinar ဘီလီယံပေါင်းများစွာကို အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံ၏အကြီးမားဆုံး ငွေကြေးခဝါချမှုလုပ်ငန်း တစ်ခုတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဝန်ခံခဲ့ကြသည်ဟု သိရှိရပါသည်။ ၎င်းအရာရှိများနှင့် ၎င်းတို့၏ နောက်ကွယ်မှ ပံ့ပိုးပေးသူများကို အီရတ်နိုင်ငံတွင် "အဂတိလိုက်စားမှု၏ ဝေလငါးကြီးများ" ဟုလူသိများကြပြီး လက်ရှိတွင် ၎င်းတို့သည်

ပိုမိုကျယ်ပြန့်လာသော စုံစမ်းစစ်ဆေးမှုများ၏ ဗဟိုချက် ဖြစ်နေသည်။ တစ်ချိန်တည်းမှာပင် လူမှုကွန်ရက်စာမျက်နှာများနှင့် ဒေသတွင်းသတင်းဌာနများ၌ တရားမဝင်ရရှိထားသော စည်းစိမ်ဥစ္စာများကို ခိုင်ခံ့သောနေအိမ်များ သို့မဟုတ် ကိုယ်ပိုင်ခြံဝန်းကြီးများထဲတွင် မည်သို့ဝှက်ထားကြောင်း သတင်းများဖြင့် ပြည့်နှက်နေသည်။




၎င်းတို့အနက် အကျယ်ပြန့်ဆုံး ပျံ့နှံ့နေသည့် စွပ်စွဲချက် တစ်ခုတွင် ရေနံ ဝန်ကြီးဌာန အရာရှိဟောင်း အက်ဒ်နန် အယ်လ်-ဂျူမိုင်လီ (Adnan al-Jumaili) ၏ ဇနီးနှင့် ညီမဖြစ်သူ တို့သည် ဆာလာဟုတ်ဒင် (Salahuddin) ပြည်နယ်ရှိ မိသားစုပိုင်စိုက်ပျိုးရေးခြံတစ်ခုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှာဖွေစီးနင်းရန် မရောက်ရှိမီ မိနစ်ပိုင်းအလို၌ ရိုးရာရွှံ့မီးဖို (Clay Oven) အတွင်း အမေရိကန် ဒေါ်လာ ၅ သန်းကျော် နှင့် dinar ဘီလီယံပေါင်းများစွာကို ထည့်သွင်းမီးရှို့ ဖျက်ဆီးခဲ့သည် ဟူသော ကိစ္စဖြစ်သည်။

အီရတ်သတင်းရင်းမြစ်တစ်ခုက Asharq Al-Awsat သတင်းဌာနသို့ ပြောကြား ရာတွင် ဝန်ကြီးချုပ် အလီ အယ်လ်-ဇိုင်ဒီ ၏ ညွှန်ကြားချက်ဖြင့် မိုဟာမက် အလီ အယ်လ်-လာမီ (Mohammed Ali al-Lami) ဦးဆောင်သော ဖြောင့်မတ်တည်ကြည်မှု ကော်မရှင် (Integrity Commission) အဖွဲ့များသည် ငွေကြေးအမြောက်အမြား အမှန်တကယ် မီးရှို့ဖျက်ဆီးခံခဲ့ရခြင်း ရှိမရှိ သို့မဟုတ် သတ်မှတ်ထားသော နေအိမ်များနှင့် သစ်သီးခြံများတွင် အခြား ငွေသားများ ထပ်မံတွေ့ရှိခြင်း ရှိ၊ မရှိကို တရားဝင် အတည်ပြုပေးခြင်း မရှိသေးကြောင်း ပြောကြားထားပါသည်။

"ဒီရန်ပုံငွေတွေရဲ့ ပမာဏနဲ့ ရရှိခဲ့တဲ့ နည်းလမ်းတွေကို ကြည့်ရင် ဒီကိစ္စ နောက်ကွယ်မှာ ဩဇာအာဏာရှိတဲ့သူတွေရဲ့ အကာအကွယ်ပေးမှု ရှိနေတယ်ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။ ဖမ်းဆီးခံရသူတွေဟာ ရုပ်သေးရုပ်တွေ သက်သက်ပဲဖြစ်နိုင်ပါတယ်" ဟု အဆိုပါ သတင်းရင်းမြစ်က ပြောကြားခဲ့သည်။

အီရတ်တရားစီရင်ရေးဌာနသည် ဖမ်းဆီးထိန်းသိမ်းခံထားရသော ရေနံဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း အက်ဒ်နန် မိုဟာမက် မာမုဒ် အယ်လ်-ဂျူမိုင်လီ ၏ ဇနီးနှင့် ညီမဖြစ်သူတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ မရောက်ရှိမီ ဒေါ်လာ ၅ သန်းကျော်နှင့် ဒိုင်နာ ဘီလီယံပေါင်းများစွာကို မီးရှို့ခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဝရမ်းထုတ်ပြန်ထားသည်။ ဖာအိခ် ဇိုင်ဒန် (Faiq Zaidan) ဦးဆောင်သော အဆင့်မြင့်တရားစီရင်ရေးကောင်စီ၏ ထုတ်ပြန်ချက်အရ စုံစမ်းစစ်ဆေးရေးမှူးများသည် အယ်လ်-ဂျူမိုင်လီနှင့် ဆက်နွယ် နေသည့် အိမ်ခြံမြေ၊ ရွှေနှင့် လက်နက်များအပြင် ခန့်မှန်းခြေ ဒေါ်လာ ၁၀ သန်းခန့် တန်ဖိုးရှိသော ပိုင်ဆိုင်မှုများကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။ အယ်လ်-ဂျူမိုင်လီသည် ရေနံဝန်ကြီးဌာနတွင် ရေနံချက်လုပ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ပဏာမစုံစမ်းစစ်ဆေးမှုများအရ ဘဂ္ဂဒက်၊ ဆာလာဟတ်ဒင်နှင့် အာဘေးလ် (Erbil) တို့တွင် အိမ်ခြံမြေ ၄၀ နီးပါး၊ လက်ငင်းငွေသား အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် နှင့် အီရတ်ငွေကြေး dinar ၃ ဘီလီယံတို့ကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် အာဏာပိုင်များသည် ခန့်မှန်းခြေ ၁.၅ ကီလိုဂရမ်ရှိသော ရွှေထည်ရတနာများနှင့် အပေါ့စား၊ အလတ်စား လက်နက် အမြောက်အမြားကိုလည်း သိမ်းဆည်းခဲ့ပါသည်။

**"အရိုးဖြောင့်ဆုံး ဝန်ထမ်း"မှသည် အဂတိလိုက်စားမှုသံသယရှိသူ ဖြစ်လာခြင်း**

အယ်လ်-ဂျူမိုင်လီ အဖမ်းခံရပြီး ရက်ပိုင်းအကြာတွင် အာဏာပိုင်များသည် အလယ်ပိုင်းလျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး အီရတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ် "အရိုးဖြောင့်ဆုံး ဝန်ထမ်း" (Most Honest Employee) ဆုရရှိခဲ့သူ အာလာဆာမာ အယ်လ်-ဂျူဘိုရီ (Alaa Samir al-Jubouri)ကို ထပ်မံဖမ်းဆီးခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ အစီရင်ခံစာများအရ ၎င်းကို အီရတ်ငွေကြေး dinar ဆယ်ဂဏန်း ဘီလီယံပေါင်းများစွာနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ အယ်လ်-ဂျူမိုင်လီ အဖမ်းခံရပြီးနောက် ဆက်သွယ်ရေးဝန်ကြီး မူစတာဖာ ဆာနတ် (Mustafa Sanad) က ၎င်း၏ Facebook စာမျက်နှာတွင် အယ်လ်-ဂျူမိုင်လီသည် နိုင်ငံရေးပါတီများ၏ အဂတိလိုက်စားမှုများနှင့် ရေနံဝန်ကြီးဌာနအတွင်း ရာထူးနေရာများ အရောင်းအဝယ်ပြုလုပ်မှုများအတွက် ကြားခံပွဲစားအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်း စွပ်စွဲရေးသားခဲ့သည်။

မွတ်စတန်ဆီရီယာ (Mustansiriyah) တက္ကသိုလ်မှ မီဒီယာပါမောက္ခ ဂါးလက်ဘ် အယ်လ်-ဒါအာမီ (Ghaleb al-Daami) က ဤကျယ်ပြန့်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ မှတ်ချက်ပြုရာတွင် ယခုလှုပ်ရှားမှုသည် အစိုးရ၊ တရားစီရင်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု ကော်မရှင် (Integrity Commission) တို့အကြား မကြုံစဖူး ထူးခြားသော ပူးပေါင်း ဆောင်ရွက်မှုကို ပြသနေခြင်းဖြစ်ကြောင်း ဆိုသည်။

"၂၀၀၃ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အဖွဲ့အစည်းတွေ အခုလိုမျိုး လက်တွဲဆောင်ရွက်တာ ဒါပထမဆုံးပါပဲ။ အတိတ်တုန်းကတော့ အုပ်ချုပ်ရေး အာဏာပိုင်နဲ့ တရားစီရင်ရေး အာဏာပိုင်တွေကြားက ပဋိပက္ခတွေကြောင့် တာဝန်ခံမှုအပိုင်းမှာ အားနည်းခဲ့ရပေမယ့် ဒီနေ့မှာတော့ လုပ်ငန်းစဉ်က

သိသိသာသာ ကွဲပြားခြားနားနေပြီ ဖြစ်ပါတယ်" ဟု အယ်လ်-ဒါအာမီက Asharq Al-Awsat သို့ ပြောကြားခဲ့သည်။

Source-[https://english.aawsat.com/arab-world/5287023-wife-iraqi-official-accused-corruption-allegedly-burns-millions-dollars-clay](https://english.aawsat.com/arab-world/5287023-wife-iraqi-official-accused-corruption-allegedly-burns-millions-dollars-clay)

ဘာသာပြန်သူ
ဒေါ်နှင်းနန္ဒာစိုး
ဒုတိယညွှန်ကြားရေးမှူး

***********............**********

## ဖိလစ်ပိုင်နိုင်ငံတွင် အဂတိလိုက်စားမှု၏ နောက်ကွယ်မှလူများကို ထိရောက်သည့် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဟု သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာက ပြောကြား



ဖိလစ်ပိုင်နိုင်ငံ အတွင်းရှိ အဂတိလိုက်စားမှု စနစ်၏ နောက်ကွယ်မှ လူများကို အပြစ်ပေး အရေးယူသွားမည်ဖြစ်ပြီး ၎င်းတို့သည် ဖိလစ်ပိုင် ပြည်သူများအတွက် "နှစ်နာကြေးများ ပြန်လည် ပေးလျော်ရမည်" ဖြစ်ကြောင်း သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာ (Ferdinand Marcos Jr.) က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံ ဆွေးနွေးပွဲအပြီး သတင်းစာ ရှင်းလင်းပွဲအတွင်း ဂျာမန်မီဒီယာ တစ်ခုက ဖိလစ်ပိုင် သမ္မတအား

မားကို့စ်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်အဟုန်သည် မည်မျှအထိ အလေးအနက်ရှိသနည်းဟု မေးမြန်းခဲ့ရာ (အကြောင်းမှာ ယင်းသည် ကုန်သွယ်ရေး နှင့်ရင်းနှီးမြှုပ်နှံမှု အတွက် အရေးကြီးသောကြောင့် ဖြစ်သည်) ၎င်းက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။ သမ္မတ ဖာဒီနန်အာရ် မားကို့စ်ဂျူနီယာ (Ferdinand R. Marcos Jr.) သည် ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သော (၁၂၈) ကြိမ်မြောက် ဖိလစ်ပိုင်လွတ်လပ်ရေးနှင့် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ဦးဆောင် ကျင်းပခဲ့သည်။

မနီလာမြို့ — ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ အဂတိလိုက်စားမှုစနစ်၏ နောက်ကွယ်မှ လူများကို အပြစ်ပေးအရေးယူသွားမည်ဖြစ်ပြီး ၎င်းတို့သည် ဖိလစ်ပိုင်ပြည်သူများ အတွက် "နစ်နာကြေးများ ပြန်လည်ပေးလျော်ရမည်" ဖြစ်ကြောင်း သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာ က ပြောကြားခဲ့သည်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးပွဲအပြီး ပူးတွဲသတင်းစာ ရှင်းလင်းပွဲ အတွင်း ဂျာမန်မီဒီယာတစ်ခုက ဖိလစ်ပိုင်သမ္မတအား မားကို့စ်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်အဟုန်သည် မည်မျှအထိ အလေးအနက် ရှိသနည်းဟု မေးမြန်းခဲ့သည်။ အကြောင်းမှာ ယင်းသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အတွက် အရေးကြီးသောကြောင့် ဖြစ်သည်။ နိုင်ငံတော်ခရီးစဉ်ကို သတင်းရယူနေကြသည့် သတင်းထောက်များအား မားကို့စ်က "ဒါဟာ ဖြစ်နိုင်သမျှ အရှိဆုံး အလေးအနက်ထားမှုပါပဲ" ဟု ဖြေကြားခဲ့သည်။ "အစိုးရတိုင်းတော့ မဟုတ်ပါဘူး အဖွဲ့အစည်းတိုင်း၊ စီးပွားရေးလုပ်ငန်းတိုင်း၊ အစိုးရတိုင်းဟာ အဂတိလိုက်စားမှုရဲ့ ပျက်စီးစေတဲ့ လွှမ်းမိုးမှုကို ခံစားကြရပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြား သည်။ ပျံ့နှံ့နေသော အဂတိလိုက်စားမှုများသည် ပြည်သူကို အကျိုးပြုမည့် အစိုးရ၏ လုပ်ငန်းတာဝန်များကို ဟန့်တားနှောင့်နှေးစေကြောင်း မားကို့စ်က ပြောဆိုသည်။ "ဒါဟာ အစိုးရတစ်ရပ် အလုပ်လုပ်နိုင်သည့် ပုံစံကို လုံးဝ ပြောင်းလဲပစ်ပါတယ်။ ပြည်သူတွေအတွက် မျှော်လင့်ထားတဲ့ အရာတွေ

မဆိုထားနဲ့၊ ပြည်သူ့ဝန်ဆောင်မှုအတွက် မရှိမဖြစ် လိုအပ်တဲ့အရာတွေကိုတောင် အစိုးရက မဆောင်ရွက်ပေးနိုင်တော့တဲ့အထိ အကန့်အသတ်တွေဖြစ်စေပါတယ်" ဟု မားကို့စ်က ဆိုသည်။ ၎င်းက နိုင်ငံအတွင်းရှိ စနစ်တကျအမြစ်တွယ်နေသော အဂတိလိုက်စားမှုများနှင့်ယင်းကို တားဆီးရန်လိုအပ်သောကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ချက်အပေါ် စိတ်ပျက်မိကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

"ဒီစနစ်က ဘာကြောင့် ဒီလောက်အထိ ပျက်စီးသွားရတာလဲ။ ငါတို့ဘာကြောင့် ဒီအခြေအနေကို ရောက်ခဲ့ရတာလဲဆိုတာကို ရှာဖွေရပါမယ်။ အမှားဟောင်းတွေ ထပ်မမှားမိစေဖို့ ဒါကို ငါတို့ ရှာဖွေဖော်ထုတ်ရပါမယ်" ဟု ၎င်းကပြောသည်။ "ဒီအဂတိလိုက်စားမှု စနစ်ထဲမှာ ပါဝင်ပတ်သက်နေကြောင်းတွေ့ရှိရသူများကို အပြစ်ပေးရမည်ဖြစ်ပြီး သူတို့ဟာ ဖိလစ်ပိုင်ပြည်သူတွေအတွက် နစ်နာကြေးများ ပြန်ပေးရပါမယ်" ဟု မားကို့စ်က ထပ်လောင်းပြောကြားခဲ့သည်။ သမ္မတကိုယ်တိုင်သည် ၂၀၂၅ ခုနှစ် နိုင်ငံတော်အခြေပြမိန့်ခွန်း (SONA) တွင် အစိုးရ၏ ရေကြီးရေလျှံမှု ထိန်းချုပ်ရေး စီမံကိန်းများ၌ဖြစ်ပွားခဲ့သော အကြီးစား အဂတိလိုက်စားမှုများကို အသိပေးတိုင်ကြားခဲ့သူဖြစ်သည်။ "ကျွန်တော် စတင်ခဲ့တဲ့ ဒီအဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုမှာ လွယ်လွယ်ကူကူ ဒါမှမဟုတ် နာကျင်မှုမရှိဘဲ လုပ်ဆောင် နိုင်တဲ့နည်းလမ်းမရှိခဲ့ပါဘူး" ဟု ၎င်းက ဆိုသည်။ "ကျွန်တော်တို့ အရာရာကိုပြောင်းလဲပစ်ခဲ့ရပြီး အရင်က ကျွန်တော်တို့ ခံစားခဲ့ရတဲ့ ဒီလို အလွဲသုံးစားလုပ်တဲ့လုပ်ရပ်တွေကို နောက်နောင် ခွင့်ပြုတော့မှာ မဟုတ်ဘူးဆိုတာကိုအလွန် ရှင်းရှင်းလင်းလင်း ပြသခဲ့ရပါတယ်" ဟု မားကို့စ်က ဖြည့်စွက်ပြောကြားသည်။

"ဘာလို့လဲဆိုတော့ သူတို့ယူသွားတာက ကျွန်တော့်ပိုက်ဆံ၊ ခင်ဗျားတို့ပိုက်ဆံ ဒါမှမဟုတ် ကုမ္ပဏီတစ်ခုရဲ့ ပိုက်ဆံမဟုတ်ပါဘူး။ ပြည်သူတွေရဲ့

ပိုက်ဆံဖြစ်လို့ပါ။" "ကျွန်တော့်အမြင်အရတော့ အဲဒါဟာ အဆိုးဝါးဆုံးအပြစ် ဒုစရိုက်ပါပဲ" ဟု ၎င်းက နိဂုံးချုပ်ပြောကြားခဲ့သည်။

Source-2026. *PCO/Facebook*

ဘာသာပြန်သူ
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

**********************************************************************




အဂတိလိုက်စားမှုတားဆီးဖို့
“1111” ကို ဖြေကြားစို့
ဝန်ဆောင်မှုများကောင်းစေရေး
“1111” ကို ဖြေကြားပေး
အဂတိပယ်ခွာပြည်သာယာဖို့
ပူးပေါင်းဆောင်ရွက်ကြပါစို့